www.burmeseclassic.com

မန္တလေးတိုင်း၊ ကျောက်ဆည်မြို့နယ်၊ ညောင်ရွှေကွင်းအတွင်း
သီရိဓမ္မာသောကမင်းကြီး၏ မုဋ္ဌောစေတီကို ငုံ၍
အနော်ရထာမင်းကြီး တည်ထားပူဇော်ခဲ့သော

သမိုင်းဝင်

# ရှင်ပင်ရွှေဆပ်သွားဘုရားကြီး



## မိုး(ကျောက်ဆည်)

သာသနာ ၂၅၅၄ သီတင်းကျွတ်လ ကောဇာ ၁၃၇၂

www.burmeseclassic.com

www.burmeseclassic.com

# သမိုင်းဝင်
# ရှင်ပင်ရွှေဆပ်သွား
# ဘုရားကြီး

သာသနာ ၂၅၅၄ ကောဇာ ၁၃၇၂

သီတင်းကျွတ်လ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# စဉ်းစားဖွယ်

လူမျိုးတစ်မျိုး၏ ....

ဘာသာရေး ကိုးကွယ်ယုံကြည်မှု၊

လူနေမှု ဘဝအဆင့်အတန်း၊

စာရိတ္တကောင်းမွန်မှုများကို

ရှေးရှေးသော

အဘိုးအဘွား အစဉ်အဆက်တို့၏

ပြောဆိုနေထိုင်

လုပ်ကိုင်ဆောင်ရွက်မှု

သမိုင်းအထောက်အထားများနှင့်

ယဉ်ကျေးမှုအမွေအနှစ်များက

ဖော်ညွှန်းပြသလျက် ရှိသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်ယူဖွယ်

ကျောက်ဆည်မြို့၏ အနောက်ဖက် ၅ မိုင်ခန့်
အကွာတွင် ယခုအခါ ဖူးတွေ့ကြည်ညို နေကြရသည့်
ပုဂံ၊ ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်
ခေတ်ငါးခေတ်လက်ရာ အဆင့်ဆင့် အထပ်ထပ်
ပူဇော်ထားသည့် ရှေးမြန်မာမင်းများ ကုသိုလ်တော်
ရှင်ပင်ရွှေဆပ်သွားရုပ်ပွားတော်ကြီးများနှင့် ယင်း၏
အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာတွင် ပုဂံခေတ်
ပန်းတမော့ လက်ရာများဖြင့် ထူးထူးခြားခြား
လေ့လာကြည်ညို နေကြရသည့် ရှင်ပင်ရွှေဂူကြီး
စေတီတော်ကြီးများသည် မြန်မာလူမျိုး
ဗုဒ္ဓဘာသာဝင်များအတွက် တန်ဖိုးမဖြတ်နိုင်သည့်
အဘိုးအဘွား ရှေးခေတ် မြန်မာ့ သူတော်စင်ကြီးများ၏
ဘာသာရေးကိုးကွယ်ယုံကြည်မှု၊ အနုပညာလက်ရာနှင့်
လုံ့လဝီရိယစွမ်းရည်၊ လူနေမှုဘဝ အဆင့်အတန်းများကို
လက်တွေ့ကျကျ ဖော်ညွှန်းပြသလျက် ရှိသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ကျင့်သုံးဖွယ်

မိဘဘိုးဘွားတို့ ထားရှိခဲ့သည့်
အဖိုးတန် အမွေအနှစ် ရတနာပစ္စည်းများကို
မိဘဘိုးဘွားကို ချစ်မြတ်နိုးသူတိုင်း
အလေးထားကာ ထိန်းသိမ်း
စောင့်ရှောက်ကြသကဲ့သို့ .....
ရှေးမြန်မာ့ သူတော်စင် အဘိုးအဘွားများ၏
ဘာသာရေးယုံကြည်မှု၊ ယဉ်ကျေးမှုအနုပညာ၊
လူနေမှု အဆင့်အတန်းများ
မပျောက်မပျက်အောင်
ထိန်းသိမ်းစောင့်ရှောက်ကြဖို့၊
အမျိုးသားရေး သစ္စာရှိကြဖို့
မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် အားလုံးတွင်
တာဝန်ရှိသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မန္တလေးတိုင်း၊ ကျောက်ဆည်မြို့နယ်
ညောင်ရွှေကွင်းအတွင်းရှိ
**သမိုင်းဝင် ရှင်ပင်ရွှေဆပ်သွားဘုရားကြီး**
**ဘက်စုံပြုပြင်ထိန်းသိမ်းရေးအဖွဲ့**

**ဩဝါဒါစရိယဆရာတော်ကြီးများ**

၁။ **ဘဒ္ဒန္တအာလောက**၊ အင်ရောင်းမင်းကျောင်းဆရာတော်

၂။ **ဘဒ္ဒန္တဉာဏာနန္ဒ**၊ ညောင်ဝန်းသပြေပင်ကျောင်းဆရာတော်

၃။ **ဘဒ္ဒန္တပါမောက္ခ**၊ ဧရာဝတီကျောင်းဆရာတော်
(မန္တလေးတိုင်းသံဃနာယကအဖွဲ့ဝင်)

၄။ **ဘဒ္ဒန္တတေဇောဘာသ**၊ ကြက်မင်းတွန်ကျောင်းဆရာတော်
(ကျောက်ဆည်မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ)

၅။ **ဘဒ္ဒန္တခေမိန္ဒ**၊ ဆူးကုန်းကျောင်းဆရာတော်
(ကျောက်ဆည်မြို့နယ်သံဃနာယကအဖွဲ့ ဒု-ဥက္ကဋ္ဌ)

၆။ **ဘဒ္ဒန္တပညာသာမိ**၊ ပညာလင်္ကာရကျောင်းဆရာတော်
(ကျောက်ဆည်မြို့နယ်သံဃနာယကအဖွဲ့(သု)အကျိုးတော်ဆောင်)

၇။ **ဘဒ္ဒန္တပဏ္ဍိတ**၊ မဟာဂန္ဓာရုံကျောင်းတိုက်
(ကျောက်ဆည်မြို့နယ်သံဃနာယကအဖွဲ့(ရွှေ)အကျိုးတော်ဆောင်)

www.burmeseclassic.com

www.burmeseclassic.com



၈။ ဘဒ္ဒန္တထာဝရ၊ ရေဝတီကျောင်းတိုက်
(ကျောက်ဆည်မြို့နယ်သံဃနာယကအဖွဲ့(သု)
တွဲ - အကျိုးတော်ဆောင်)

၉။ ဘဒ္ဒန္တဝိသုဒ္ဓါစာရ၊ ညောင်ရွှေရွာဦးကျောင်းဆရာတော်
(ကျောက်ဆည်မြို့နယ်သံဃနာယကအဖွဲ့ဝင်)

၁၀။ ဘဒ္ဒန္တအရိယဝံသ၊ မန်ကျည်းတောကျောင်းဆရာတော်

၁၁။ ဘဒ္ဒန္တပညာသာမိ၊ ငါးအိုးကျောင်းဆရာတော်

၁၂။ ဘဒ္ဒန္တခေမိက၊ ဆိပ်သာကျောင်းဆရာတော်

၁၃။ ဘဒ္ဒန္တသုဒဿန၊ လေသာကျောင်းဆရာတော်

၁၄။ ဘဒ္ဒန္တသုန္ဒရ၊ ပွတ်တိုင်ကျောင်းကြီးဆရာတော်

၁၅။ ဘဒ္ဒန္တတေဇောသာရ၊ ရေတွင်းပြည့်ကျောင်းဆရာတော်

၁၆။ ဘဒ္ဒန္တပညာဓဇ၊ ညောင်ပင်ဓောက်ကျောင်းဆရာတော်

၁၇။ ဘဒ္ဒန္တသံဝရ၊ ကြက်လျှာကျောင်းဆရာတော်

၁၈။ ဘဒ္ဒန္တခေမာစာရ၊ ရွှေဆပ်သွားဘုရားကျောင်းဆရာတော်



## နာယကလူကြီးများ

၁။ ဦးစိုးဝင်း
(ဥက္ကဋ္ဌ၊ ကျောက်ဆည်ခရိုင်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ)

၂။ ဦးမောင်မောင်
(အတွင်းရေးမှူး၊ ကျောက်ဆည်ခရိုင်အေးချမ်းသာယာ
ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)

၃။ ဒုရဲမှူးကြီးသိန်းထွန်း
(ခရိုင်ရဲတပ်ဖွဲ့မှူး၊ ကျောက်ဆည်ခရိုင်)

၄။ ဦးအောင်ကျော်စိုး
(ဥက္ကဋ္ဌ၊ ကျောက်ဆည်မြို့နယ်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ)

၅။ ဦးအောင်နိုင်ဝင်း
(ခရိုင်သာသနာရေးမှူး၊ ကျောက်ဆည်ခရိုင်)

၆။ ဦးမောင်မောင်ဝင်း
(မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ကျောက်ဆည်မြို့နယ်)

၇။ ဦးစန်းမောင်
(အတွင်းရေးမှူး၊ ကျောက်ဆည်မြို့နယ်အေးချမ်း
သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)

www.burmeseclassic.com

www.burmeseclassic.com



## အမှုဆောင်ဂေါပကလူကြီးများ

| | | | |
|---|---|---|---|
| ၁။ | ဦးတင်လှိုင် | ညောင်ဝန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးအုန်းလွင် | ကျောက်ဆည် | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဦးမျိုးမြင့် | ညောင်ရွေ | အတွင်းရေးမှူး |
| ၄။ | ဦးစိန်ငွေး | ရေတွင်းပြည့် | ဒု-အတွင်းရေးမှူး |
| ၅။ | ဦးငွေးလွင် | ညောင်ဝန်း | ငွေထိန်း |
| ၆။ | ဦးသက်ထွန်း | ညောင်ရွေ | ဒု-ငွေထိန်း |
| ၇။ | ဦးသန်းမြိုင် | ညောင်ဝန်း | မီးစက် |
| ၈။ | ဦးဘသင် | ကြောင်ပန်းကုန်း | စာရင်းကိုင် |
| ၉။ | ဦးအောင်မောင်း | သင်ပုတ် | စာရင်းကိုင် |
| ၁၀။ | ဦးဖုန်းကျော် | သင်ပုတ် | စာရင်းကိုင် |
| ၁၁။ | ဦးကျော်မောင် | ကြက်လျှာ | စာရင်းစစ် |
| ၁၂။ | ဦးညွှန့်မောင် | ပွတ္တိုင် | စာရင်းစစ် |
| ၁၃။ | ဦးစိန်ချို | ငါးလုံကုန်း | စာရင်းစစ် |
| ၁၄။ | ဦးဖိုးတုတ် | ညောင်ရွေ | အသံချဲ့စက် |
| ၁၅။ | ဦးဝင်းမောင် | နေပူရွာ | ပွဲကော်မတီ |
| ၁၆။ | ဦးကံမြင့် | ငါးလုံကုန်း | ပွဲကော်မတီ |
| ၁၇။ | ဦးဆာမိ | ငါးအိုး | ပွဲကော်မတီ |
| ၁၈။ | ဦးရေး | ငါးအိုး | ပွဲကော်မတီ |
| ၁၉။ | ဦးမြင့်အောင် | ပုထိုးတိုင် | ပွဲကော်မတီ |
| ၂၀။ | ဦးကျော်ဝင်း | ညောင်ပင်ဇောက် | ပွဲကော်မတီ |

BURMESE CLASSIC .com

- ပန်ကြားလွှာ
- မှတ်တမ်းပုံတော်များ
- ရှင်ပင်ရွှေဆပ်သွားဘုရားပွဲတော်
- ပြန်လည်ပြုပြင်တော့မည့်
  ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး
- အံ့ဖွယ်ထူးခြား ရှင်ပင်ရွှေဆပ်သွား
- အမျက်တော်ပြေစေဖို့
- ရှင်ပင်ရွှေဆပ်သွားစေတီတော်
  ရွှေထီးတော်တင်လှူပူဇော်ပွဲ
- ရွှေထီးတော်တင်
  ဂါထာ-ကဗျာ-လင်္ကာ-စာတမ်းများ
- နိဂမပတ္တနာ

Fouth Edition

www.burmeseclassic.com

www.burmeseclassic.com



# ပန်ကြားလွှာ

အနိရုဒ္ဓေါ မဟာပုညော
မရမ္မရဋ္ဌမာပိတော
တံအာဒိကံ သပုညေဟိ
မရမ္မရာဇူဟိ ပူဇိတံ

သုဝဏ္ဏကေတကီဗုဒ္ဓံ
အဘိဝန္ဒာမိ သာဒရံ
တေနဗုဒ္ဓါနုဘာဝေန
သဗ္ဗာရက္ခာ ဘဝန္တု မေ။

သာသနာ့သမိုင်းတွင် မော်ကွန်းဝင်သား
ဘုရင်အာသောက မင်းရာဇ၏
ပုညကုသလံ အရင်းခံသည့်
မူလံမုဋ္ဌော မြတ်ရှင်စောကို···

www.burmeseclassic.com

www.burmeseclassic.com



မနောမယိဒ္ဓိ ဘုန်းကံရှိသည့်
အနိရုဒ္ဓ မည်နာမဖြင့်
မြန်မာ့ပြည့်အရှင် အနော်ရထာဘုရင်က
ရှင်ပင်ဆပ်သွား ဘွဲ့တော်ထား၍
တိုင်းသားပြည်သူ ကုသိုလ်ယူဖို့
စင်ဖြူသဒ္ဒါ ပူဇော်ပါသဖြင့်. . .

မြန်မာပြည်ဖွား ဘုရင်များလည်း
ထပ်ပွားအစဉ် ပြုကာပြင်၍
ရှင်ပင်ဆပ်သွား မြတ်ဘုရားသည်
ခေတ်များအဆက်ဆက် ဘုန်းရောင်တက်မို့. . .

ထွန်းလက်ဂုဏ်အင် မြတ်ရှင်ပင်ကို
ဦးတင်မြတ်နိုး လက်စုံမိုးကာ
ကောင်းကျိုးချမ်းသာ မင်္ဂလာတို့
ဖြစ်ပါစေကြောင်း ဆုမွန်တောင်းသည်. . .
အပေါင်းသိဒ္ဓိပြီးစေသော်။

မိမိသည် ကျောက်ဆည်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီး၏ တာဝန်ပေးမှုအရ ကျောက်ဆည်မြို့နယ်သံဃနာယကအဖွဲ့ (ရွှေကျင်)၏ အကျိုးတော်ဆောင်တာဝန်အပြင်၊ ပြင်ဦးလွင်မြို့ ကျောက်ဆည်မဟာဂန္ဓာရုံ ကျောင်းတိုက်သစ် တည်ဆောက်ရေး



ကိစ္စ၊ မက္ခရာရေးဟောင်းဘုရားများဘက်စုံပြုပြင်ရေး၊ သတင်းဖြန့်ချိရေးကိစ္စများတွင် အားသွန်ခွန်စိုက် ဆောင်ရွက်နေရသဖြင့် အားလပ်ချိန် မရှိလောက်အောင်ပင် ဖြစ်နေသည်။

ထိုကာလအတွင်း ကျောက်ဆည်မြို့နယ် သံဃနာယကအဖွဲ့(သုဓမ္မာ)ဥက္ကဋ္ဌ ညောင်ဝန်းသပြေပင်ကျောင်း ဆရာတော်ကြီးက ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် အနိရုဒ္ဓဒေဝ (ခေါ်) အနော်ရထာမင်းကြီး၏ ကုသိုလ်တော် ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး ပြန်လည်ပြုပြင်ဖို့ ကြိုးစားနေကြောင်း၊ ထိုကဲ့သို့ပြုပြင်သည့်အခါ နယ်မြေဒေသခံဖြစ်သည့် မောင်ရင်အနေဖြင့် အားသွန်ခွန်စိုက် ကြိုးစားပေးစေလိုကြောင်း မိန့်ဟတော်မူခဲ့သဖြင့် အတိတ်အကြောင်းများကို တွေးတောဆင်ခြင်နေမိပေသည်။

မိမိငယ်စဉ်က ရှင်ပင်ရွှေဆပ်သွားဘုရားပွဲတော်သို့ နှစ်စဉ်ရောက်ရှိခဲ့သဖြင့် ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး အကြောင်းကို သိလိုလှသော်လည်း "ဆပ်သွားကိုးဆူ ဂူကိုးလုံး"၊ "ဆပ်သွားကိုးဆူ ဂူကိုးဂူ၊ မုဋ္ဌောကိုးခု ဆည်ကိုးခု၊ အနော်ရထာကောင်းမှု" ဆိုသည့် မှတ်တမ်းလောက်ဖြင့် ကျောက်ဆည်မြို့နယ်အတွင်း အနော်ရထာမင်းတရား၏ ကုသိုလ်တော် ရှင်ပင်ရွှေဆပ်သွားစေတီတော် ကိုးဆူ၊ ရှင်ပင်ရွှေဂူကြီးစေတီတော် ကိုးဆူ၊ ရွှေမုဋ္ဌောစေတီတော် ကိုးဆူနှင့် ဆည်ကြီးကိုးဆည်

www.burmeseclassic.com

www.burmeseclassic.com



တည်ရှိကြောင်းလောက်သာ သိနေခဲ့သည်။

သို့သော် ကျောက်ဆည်မဟာဂန္ဓာရုံဆရာတော်ကြီးက သာသနာတော်နှင့် သက်ဆိုင်သည့် ကျောက်ဆည်မှတ်တမ်း ပြုစုထားဖို့ တာဝန်ပေးအပ်သည့်အခါ၌မူ ကျောက်ဆည်မြို့ပေါ် သာမက နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများသို့ ကွင်းဆင်း လေ့လာခြင်း၊ ဘုရားသမိုင်းများ ဖတ်ရှုကြည့်ညှိခြင်း၊ ရတနာပုံ သတင်းစာ၊ မန္တလေးနေ့စဉ်သတင်းစာများတွင် ဆောင်းပါး အသွင် ရေးသားကာ မှတ်တမ်းတင်ခြင်းများ ပြုလုပ်ခဲ့ရသည်။

ထိုစဉ်ကပင် အနော်ရထာမင်းတရား၏ ကောင်းမှုတော် ဆည်များအကြောင်း၊ ညောင်ရွှေကျေးရွာအနီးရှိ ရှင်ပင်ရွှေဆပ် သွား ဘုရားပွဲတော်အကြောင်း၊ ညောင်ပင်ဓောက်ကျေးရွာအနီးရှိ ရှင်ပင်ရွှေဂူကြီးစေတီတော်ကြီး ပြုပြင်တော့မည့်အကြောင်းများ ကို ရေးသားတင်ပြနိုင်ခဲ့သည်။ ဆက်လက်၍ ရွှေဆပ်သွား ကိုးဆူ၊ ရွှေဂူကြီးကိုးဆူ၊ ရွှေမုဋ္ဌောကိုးဆူနှင့် ဆည်ကိုးဆည် အကြောင်းကို ရေးသားတင်ပြနိုင်ဖို့ ဒကာကြီးဦးဝင်းမောင် (တမ္ဗဝတီ)နှင့် ကွင်းဆင်းလေ့လာမှတ်တမ်းတင်ခြင်းများ ပြုလုပ် နေစဉ် မမျှော်လင့်ဘဲ မိမိသည် ညောင်ရွှေ ရွှေဆပ်သွားစေတီ တော်ကြီး ဘက်စုံပြုပြင်ခြင်းလုပ်ငန်းနှင့် တမုတ်ရွှေဂူကြီးစေတီ တော်ကြီး ပြုပြင်ခြင်းလုပ်ငန်းများတွင် ဩဝါဒါစရိယအဖြစ် လည်းကောင်း၊ ကြီးကြပ်ရေးတာဝန်ခံအဖြစ် လည်းကောင်း



တာဝန်ရှိလာခဲ့သည်။

စေတီတော်ပြုပြင်ရာတွင် ဂိုဏ်းပေါင်းစုံသံဃနာယက ဆရာတော်ကြီးများ၏ ဩဝါဒတော်များ ခံယူရုံမျှမက မြို့နယ် သံဃနာယကဥက္ကဋ္ဌ သပြေပင်ဆရာတော်ကြီး၏ အနီးကပ် လမ်းညွှန်မှု၊ မြန်မာမှုဗိသုကာပညာရှင် တမ္ဗဝတီဦးဝင်းမောင်၊ ကြေးသွန်းပညာရှင် ဦးလှမြင့်၊ ကျောက်ဆစ်ပညာရှင် ဦးအောင်မင်းတို့၏ အကြံဉာဏ်နှင့် အကူအညီများ ရယူကာ ရသေ့ကြီးဦးခန္တီ၏ ကုသိုလ်တော် ကြေးသွန်းရုပ်ပွားတော်ကြီးကို ၂ပေခန့် မြှင့်တင်ခြင်း၊ ပန်းရံဆရာကြီးဦးမြင့်လွင်နှင့်တပည့်များ၊ အင်ဂျင်နီယာ ကိုပေါက်နှင့်တပည့်များ၏ ကူညီပံ့ပိုးမှုဖြင့် သံကူ ကွန်ကရစ်လောင်းခြင်း၊ မူလလိုဏ်ဂူတော် ဖွင့်လှစ်ခြင်း၊ ပုဂံ မြို့ဟောင်းမှ ရုပ်ပွားတော်ရောင်တော်ဖွင့်ပညာရှင် ဦးလှအေး နှင့် တပည့်များ၏အကူအညီဖြင့် ရှေးမင်းကောင်းမင်းမြတ်များ အဆက်ဆက် တည်ထားပူဇော်ခဲ့သည့် ငါးထပ်ခန့်သော ရုပ်ပွား တော်ကြီးများကို မွမ်းမံပြုပြင်ခြင်းများကို ရှင်ပင်ရွှေဆပ်သွား ဂေါပကအဖွဲ့၏ ကောင်းမှုကုသိုလ်ဖြင့်လည်းကောင်း၊

သဘာဝ ရာသီဥတုဒဏ်ကြောင့် ပြိုပျက်ကွဲအက်နေသည့် စေတီတော်ကြီး၏ ဖောင်းရစ်၊ ကြာမှောက်၊ ကြာလှန်၊ ချယား သီးများ အသစ်တစ်ဖန်ပြုပြင်ပူဇော်ခြင်းကို အများပြည်သူများ ၏ ကောင်းမှုကုသိုလ်ဖြင့်လည်းကောင်း၊ ဘုရားလမ်းပြုပြင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ကျောက်ဆည်မြို့ ဦးလှမျိုးကျော်+ဒေါ်ကေသီဦး မိသားစု၏ ကောင်းမှုကုသိုလ်ဖြင့်လည်းကောင်း၊

ရွှေထီးတော်သစ် တင်လှူနိုင်ရန်အတွက် စိန်ဖူးတော်ကြီးကို ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော် (ဇနီး)ဒေါ်ခင်ပြုံးဝင်း မိသားစု၊ စိန်ဖူးတော် ရတနာစီခြယ်ခြင်းကို ရန်ကုန်မြို့ ရွှေဘုံသာအလယ်ဘလောက် မသီတာနှင့် ၇ ရက်သားသမီးများ၊ ကျောက်ဆည်မြို့ ဈေးတန်းရပ် ဦးဝင်းလှိုင်+ဒေါ်နိုင် မိသားစု၊ ငှက်မြတ်နားတော်နှင့် ငှက်မြတ်နားတော် ရတနာစီခြယ်ခြင်းကို အရာခံဗိုလ်အောင်ဆန်းဝင်း+ဒေါ်အေးရီ (သမီး) မဝတ်ရည်ရွှန်းလဲ့အောင်-မသန္တာထက်၊ (သား)မောင်ကျော်စိုးသိန်း မိသားစု၊ ရွှေထီးတော်ကို ကျောက်ဆည်မြို့ ဦးစိုးထွန်း+ဒေါ်ဌေးကြည် (သမီး) မခင်မျိုးသက် မိသားစုများ၏ ကောင်းမှုကုသိုလ်ဖြင့် လည်းကောင်း၊

တောင်ဘက်မုခ်ဦးနှင့် ပုံတူရုပ်ပွားတော်ကို နှစ်ဖက်မိဘများကို အမှူးထား၍ မန္တလေးမြို့ ဗိုလ်မှူးသက်ဦး+ဒေါ်စောလှမူ၊ (သမီး) မြဟေမာန်သက်ဦး (ခ) မှူးမြင့်မြတ်ခင်၊ (သား) အောင်ပါစေသက်ဦး မိသားစု၊ အနောက်ဘက်မုခ်ဦးနှင့် ပုံတူရုပ်ပွားတော်ကို ကျောက်ဆည်မြို့နယ် ညောင်ရွှေရွာ ဦးမြိုင်+ဒေါ်လှကြင် မိသားစု၊ မြောက်ဘက်မုခ်ဦးနှင့် ပုံတူရုပ်ပွားတော်ကို ပြင်ဦးလွင်မြို့ ဦးဇော်မင်းဦး+ဒေါ်မီမီထွေး



(သမီး) မမိုးပွင့်ဦး- မစပယ်ဦး၊ (သား) မောင်ဖြိုးသန့်ကို (ဇော်မင်းဦးရွှေဆိုင်) မိသားစုများ၏ ကုသိုလ်ဖြင့်လည်းကောင်း၊

သီရိမင်္ဂလာသောကမင်းကြီး၏ မူလသိမ်တော်နေရာ၌ သိမ်ကျောင်းဆောင်အသစ် ဆောက်လုပ်ခြင်းကို ကျောက်ဆည်မြို့ ဦးအောင်ကြည်+ဒေါ်ခင်စိန် (သီဟရာဇာ-စတိုး) မိသားစု၊ မူလကုသိုလ်ရှင်များစံနန်းဆောင်ကို ပြင်ဦးလွင်မြို့ ဦးဇော်မင်းဦး+ဒေါ်မီမီထွေး (သမီး) မမိုးပွင့်ဦး - မစပယ်ဦး၊ (သား) မောင်ဖြိုးသန့်ကို (ဇော်မင်းဦးရွှေဆိုင်) မိသားစု၊ စေတီတော်ကြီး၏ အရှေ့တောင်ထောင့် ဓံထေရာဝါသကျောင်းဆောင်ကို မန္တလေးမြို့ ဒေါက်တာခင်မောင်ဝင်း+ဒေါ်ခင်ခင်ငြိမ်း (JAGUCO MYANMAR Co.,Ltd.) မိသားစု၊ အရှေ့မြောက်ထောင့် ကပ္ပိယကာရကဆောင်(ရုံးခန်း)ကို မန္တလေးမြို့ ဦးချစ်ဆွေ+ဒေါ်တင်မမ (ချစ်ဆွေပရိဘောဂနှင့်ဟိုတယ်) မိသားစုတို့၏ ကုသိုလ်ဖြင့် လည်းကောင်း၊

ဂန္ဓကုဋိကျောင်းဆောင် အမိုးသွပ်ဒိုင်းများပြင်ဆင်ခြင်းကို ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ် ဦးအုန်းလွင်+ဒေါ်တင်ညို မိသားစု၊ ကြွေပြားခင်းခြင်းကို မန္တလေးမြို့ ဦးစကြီး+ဒေါ်တင် မိသားစု၊ စေတီတော်ကြီး၏ အရှေ့ဘက်မင်္ဂလာရုံ မျက်နှာကျက်များ အသစ်ပြင်ဆင်ခြင်းကို ကျောက်ဆည်မြို့ ဦးဝင်းကျော်ဦး +ဒေါ်လှမျိုးနွယ် (သား)မောင်ပိုင်မျိုးကျော် - မောင်နိုင်မျိုးဇော်၊

www.burmeseclassic.com

www.burmeseclassic.com



မောင်မျိုးအာကာကျော် (ဇော်ဂျီမောင်) မိသားစု၊ တောင်ဘက်ဓမ္မာရုံကြီး အမိုးသွပ်လှူဒါန်းခြင်းကို ကျောက်ဆည်မြို့ ဦးဝင်းလှိုင်+ဒေါ်နိုင် (သမီး)မသီရိကျော် (သား)ဇော်ဝင်းထက် (ရွှေပန်းထိမ်) မိသားစု၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းကို အရာခံဗိုလ်အောင်ဆန်းဝင်း+ဒေါ်အေးရီ (သမီး) မဝတ်ရည်ရွှန်းလဲ့အောင် - မသန္တာထက်၊ (သား)ကျော်စိုးသိန်း မိသားစု၊ ၂၀၀၀-လီတာ စတီးရေတိုင်ကီကို ဦးဝင်းမြင့်+ဒေါ်လှလှသောင်း (သား)မောင်သန့်ဇော်ဝင်း၊ (သမီး) မအေးငြိမ်းသွယ်၊ (မြေး)မောင်အာကာမိုးမြင့် (အောင်နန်းတော်သံဆိုင်) မိသားစု၊ ရေသန့်စက်ကို ကျောက်ဆည်မြို့ မင်းရပ် ဦးတင်ရွှေ+ဒေါ်လှမြင့် မိသားစု၊ မဟာဗောဓိပင်ပလ္လင်တော်ကို ရန်ကုန်မြို့ ကိုကျော်ဇင်သင်း+မသူသူအောင် မိသားစုတို့၏ ကောင်းမှုကုသိုလ်ဖြင့်လည်းကောင်း ကုသိုလ်ယူ ပူဇော်ကြပြီး ဖြစ်ပေသည်။

ဆက်လက်၍ သီရိဓမ္မာသောကမင်းကြီး၏ ကုသိုလ်တော် ရေတွင်း၊ ရေကန်များ ပြုပြင်ခြင်း၊ အတွင်းမဟာရာမ်၊ အပြင်မဟာရာမ်တံတိုင်းများ တည်ဆောက်ပြုပြင်ခြင်း၊ ရင်ပြင်တော် အတွင်း ကျောက်ပြားခင်းခြင်းလုပ်ငန်းများကို စေတီတော်ကြီး နှင့် ပဋ္ဌာန်းဆက်မကင်းသည့် ကုသိုလ်ရှင်များ၏ ကောင်းမှု ကုသိုလ်များဖြင့် လည်းကောင်း အကောင်အထည်ဖော်



ဆောင်ရွက်နေပြီ ဖြစ်ပေသည်။

ထိုမျှမက ဘုရားဖူးပြည်သူများ တောင်းဆိုတိုက်တွန်းမှုများကြောင့် မြို့နယ်ဂိုဏ်းပေါင်းစုံသံဃနာယကအဖွဲ့ ဆရာတော်ကြီးများက ၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄-၅ ရက် ရှင်ပင်ရွှေဆပ်သွားဆင်လှူပွဲတော်၊ ဆွမ်းကြီးလောင်းပွဲတော်မတိုင်မီ ဘုရားသမိုင်းစာအုပ်ငယ် စီစဉ်ပေးဖို့ တာဝန်ပေးအပ်ကြသဖြင့် မန္တလေးနေ့စဉ်သတင်းစာတွင် ဖော်ပြပြီးဖြစ်သည့် **'ရှင်ပင်ရွှေဆပ်သွားဘုရားပွဲတော်'**၊ **'ပြန်လည်ပြုပြင်တော့မည့် ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး'**၊ **'အံ့ဖွယ်ထူးခြားရှင်ပင်ရွှေဆပ်သွား'** ဆောင်းပါး သုံးပုဒ်နှင့်အတူ ခေတ်အဆက်ဆက် လက်ရာ မင်းအဆက်ဆက် ကုသိုလ်တော်ဖြစ်သည့် အထပ်ထပ်သော ရှင်ပင်ရွှေဆပ်သွား ရုပ်ပွားတော်ကြီးများ ပုံတော်၊ ပုဂံခေတ်လက်ရာ အုတ်ခွက်ဘုရား၊ ထူးခြားလှသည့် ကျောက်သားဆင်းတု နဂါးရုံရုပ်ပွားတော်နှင့် ပြုပြင်စဉ်အတွင်း တွေ့ရှိခဲ့ရသည့် ဌာပနာတော်ပစ္စည်းများကို ဓာတ်ပုံမှတ်တမ်း ပြုစုကာ သူတော်စင်များ ကုသိုလ်သဒ္ဒါ ပွားများကြည်ညိုနိုင်စေဖို့ ပထမအကြိမ် အုပ်ရေ ၁၀၀၀၊ ဒုတိယအကြိမ် အုပ်ရေ ၁၀၀၀၊ တတိယအကြိမ် အုပ်ရေ ၃၀၀၀ စီစဉ်ပေးခဲ့ရာ ယခုအခါ ကုန်လုနီးပါးဖြစ်နေသဖြင့် ယခုအခါ နောက်ဆက်တွဲ မှတ်တမ်း တင်ခဲ့သည့် **'အမျက်တော်ပြေစေဖို့၊ ရှင်ပင်ရွှေဆပ်သွား**

www.burmeseclassic.com



**စေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲ** ဆောင်းပါးနှစ်ပုဒ်နှင့် ရွှေထီးတော်တင်စဉ်က မိမိနှင့်အတူ ဆရာဘုန်းကြီးများ သီတင်းသုံးဖော်များ ရေးသားပူဇော်ခဲ့ကြသည် ရွှေထီးတော်တင် "ဂါထာ-လင်္ကာ-ကဗျာ-စာတမ်းများ" ဖြည့်စွက်၍ ၁၃၇၂ ခုနှစ်၊ သီတင်းကျွတ် ဆင်လှူပွဲတော်အမီ စတုတ္ထအကြိမ် အုပ်ရေ ၅၀၀၀ ပုံနှိပ်နိုင်ဖို့ စီစဉ်ပေးရပါသည်။

**အရှင်ပဏ္ဍိတ**

မဟာဂန္ဓာရုံကျောင်းတိုက်၊ ကျောက်ဆည်မြို့
၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး ထီးတော်အသစ်တင်လှူပြီး ဖူးမြင်ရပုံ

www.burmeseclassic.com

www.burmeseclassic.com



ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီးအား
အသစ်တင်လှူပူဇော်ထားသည့် ရတနာစိန်ဖူးတော်

www.burmeseclassic.com

www.burmeseclassic.com



ရွှေမိုးပင်ရွှေဆံပ်သွားစေတီတော်ကြီးအား အသစ်တင်လှူပူဇော်ထားသည့် ရတနာငှက်မြတ်နားတော်

www.burmeseclassic.com


www.burmeseclassic.com



ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီးအား
အသစ်တင်လှူပူဇော်ထားသည့် ရွှေထီးတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီးဦးခန္တီ၏ကုသိုလ် ကြေးသွန်းရုပ်ပွားတော်ကြီးနှင့်
မူလပလ္လင်တော်ကို လိုဏ်ဂူတော်မဖွင့်မီ ဖူးမြင်ရပုံ

www.burmeseclassic.com


www.burmeseclassic.com



ရသေ့ကြီးဦးခန္တီ၏ကုသိုလ် ကြေးသွန်းရုပ်ပွားတော်ကြီးနှင့်
မူလပလ္လင်တော်ကို လိုဏ်ဂူတော်ဖွင့်လှစ်ပြီး ဖူးမြင်ရပုံ

www.burmeseclassic.com


www.burmeseclassic.com



လိုဏ်ဂူတော်ဖွင့်လှစ်ပြီးစ ဖူးမြင်ရသည့် ရှင်ပင်ရွှေဆပ်သွားရုပ်ပွားတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com




ခေတ်အဆက်ဆက်လက်ရာ ရှင်ပင်ရွှေဆပ်သွားရုပ်ပွားတော်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com





အနောက်ဘက်မုခ်နှင့် ရုပ်ပွားဆင်းတုတော်

www.burmeseclassic.com

www.burmeseclassic.com



ပထမအကြိမ် ရုပ်ပွားတော်ကြီးအခြေမှ တွေ့ရှိရသည့် ဌာပနာတော်များ (11-5-09)

www.burmeseclassic.com

www.burmeseclassic.com



ပထမအကြိမ် ရုပ်ပွားတော်ကြီးအခြေမှ တွေ့ရှိရသည့် ဗုဒ္ဓပဋိမာတော်များ

(11-5-09)

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် ရှုပ်ပွားတော်ကြီးအခြေမှ တွေ့ရှိရသည့် ဌာပနာတော်များ

(15-9-09)

www.burmeseclassic.com

www.burmeseclassic.com



တတိယအကြိမ် ရုပ်ပွားတော်ကြီးအခြေမှ တွေ့ရှိရသည့် ဌာပနာတော်များ

(16-9-09)

www.burmeseclassic.com

www.burmeseclassic.com



တတိယအကြိမ် ရုပ်ပွားတော်ကြီးအခြေမှ တွေ့ရှိရသည့် ဌာပနာတော်များ (16-9-09)

www.burmeseclassic.com

www.burmeseclassic.com




တတိယအကြိမ် ရုပ်ပွားတော်ကြီးအခြေမှ တွေ့ရှိရသည့် ဌာပနာတော်များ

(16-9-09)

www.burmeseclassic.com

www.burmeseclassic.com



သီရိဓမ္မာသောကမင်းကြီး၏ ကုသိုလ်တော် ရေကန်

www.burmeseclassic.com

www.burmeseclassic.com



သီရိမဟာသောကမင်းကြီး၏ သိမ်တော်ဟောင်းနေရာ

www.burmeseclassic.com

www.burmeseclassic.com



ခန္တီရှင်ရသေ့ကြီး၏ကုသိုလ်တော် ကြေးပလ္လင်၊ ကြေးသပိတ်နှင့် ကြေးပန်းအိုးကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ရှင်အရဟံရုပ်တုတော်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ရွှေထီးတော်တင်လှူပူဇော်ပွဲအခမ်းအနား (၂၆-၇-၂၀၁၀)

www.burmeseclassic.com

www.burmeseclassic.com



ရွှေထီးတော်တင်အခမ်းအနား (၂၆-၇-၂၀၁၀)

www.burmeseclassic.com

www.burmeseclassic.com



မူလကုသိုလ်ရှင်နှင့် ကုသိုလ်ရှင်များ စံနန်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



# ရှင်ပင်ရွှေဆပ်သွား ဘုရားပွဲတော်

စပါးရွှေဝါ ရိတ်နယ်ပြီးမို့၊
တလင်းတွင်း ကောက်ဦးအလှူ။
ဒို့နယ်သူ နယ်သားများတို့၊
မြတ်ရှင်ပင် ရွှေဆပ်သွားမှာ၊
နွဲ့ကြည်ညိုတူ။

ရွှေဆပ်သွား-မြတ်ဘုရား ဘုန်းတလှလှ၊
ခြောက်ရောင်စုံ ကွန့်မြူး၊
ကြည်နူးသဒ္ဓါ သက္ကစ္စဂါရဝါမို့၊
ဒို့ပြည်ရွာ ကုသိုလ်ထူးတယ်၊
နိဗ္ဗူနယ်ကူး။

သမိုင်းဝင် ရှင်ပင်ရွှေဆပ်သွားဘုရားကြီးသည် ကျောက်ဆည်မြို့၏ အနောက်ဘက် ၅ မိုင်ခန့်အကွာ ညောင်ရွှေရွာအနီးတွင် တည်ရှိသည်။ မူလကုသိုလ်ရှင်မှာ အနော်ရထာ

www.burmeseclassic.com

www.burmeseclassic.com



မင်းတရား ဖြစ်သည်။ မင်းတရား၏ကုသိုလ်တော် စေတီငယ်ကို ရုပ်ပွားတော်ကြီး၏ ကျောဘက်ရှိ ၆ လက္မပတ်လည်ခန့် အပေါက်ငယ်မှ ဓာတ်မီးဖြင့် အလင်းရောင်ပေးကာ ဖူးမြင်ပါက ယခုတိုင် ဖူးမြင်နိုင်ပါသေးသည်။ *(ယခုစာအုပ်ထွက်ရှိချိန်တွင် လိုဏ်ဂူမှတစ်ဆင့် တူးဖော်ကြည့်ရာ မူလစေတီငယ်ကို မတွေ့ကြရသေးဘဲ ခေတ်အဆက်ဆက်လက်ရာ ရုပ်ပွားတော်ကြီး ၆ ဆူခန့်ကို ကြည်ညိုဖွယ်၊ အံ့သြဖွယ် ဂုဏ်ယူဖွယ်ရာအဖြစ် အထပ်လိုက် ဖူးမြင်ကြည်ညိုတွေ့ရှိရပါသည်။)*

စေတီတော်ကြီး၏ အရှေ့ဘက်ကပ်လျက် ဘုရားဖူးများ ဘုရားဖူးနိုင်ရန် ဂန္ဓကုဋိကျောင်းတော် တည်ရှိသည်။ ယင်းကျောင်းတော်အတွင်း၌ မြတ်စွာဘုရား၏ ကိုယ်တော်ပွား ဗုဒ္ဓရုပ်ပွားတော်ကြီးများနှင့် ရသေ့ကြီး ဦးခန္တီ၏ ပုံတူရုပ်ထုကို ဖူးတွေ့ကြရသည်။

ဂန္ဓကုဋိကျောင်းတော်မှ အရှေ့ဘက်သို့ ထွက်လျှင် ဘုရားဖူးများ သွားလာနိုင်ရန် စောင်းတန်း တည်ဆောက်ထားသည်ကို တွေ့မြင်နိုင်သည်။ ယင်းမှ ဝဲယာသို့ ရှုမြင်ပါက သူ့ခေတ်သူ့ခါ အလိုက် မြင်ကွင်းတဆုံး ကြည့်ရှုမဝနိုင်သည့် ကျောက်စိမ်းရောင် လယ်ကွင်းကြီးများ၊ ရွှေဝါရောင် စပါးခင်းကြီးများကို မြင်တွေ့ကြရပေမည်။

ထို့ပြင် အရှေ့ရှုးရှုးသို့ မှန်းမြော်ကြည့်ရှုပါလျှင် ရွှေသာ



လျှောင်းတောင်၊ မင်းမွေးတောင်နှင့် ရှမ်းရိုးမ တောင်စွယ်တောင်တန်းကြီးများကို လွမ်းမောဖွယ် ကြည်နူးဖွယ် တွေ့မြင်ကြရပေမည်။

စောင်းတန်း၏ မြောက်ဘက်ကပ်လျက် သီရိဓမ္မာသောက မင်းကြီး၏ကုသိုလ်ဟု ပြောရိုးဆိုစဉ်ရှိခဲ့သော ရေတွင်း၊ ရေကန်၊ သိမ်နှင့် ရေကန်အနီး၌ ဘုရားရှင်၏ ဉာဏ်ထူးဉာဏ်မြတ် ရရှိရာ ဗောဓိပင်ကိုလည်းကောင်း၊ ယင်းဗောဓိပင်ကို ဝန်းရံပူဇော်ထားသော ဂြိုဟ်ပြေနံ့ပြေ ဘုရားများကိုလည်းကောင်း ဖူးတွေ့နိုင်ပေသည်။

စေတီတော်ကြီး၏ မြောက်ဘက်တွင် နတ်ကွန်းတစ်ခုကို တွေ့ရသည်။ အနော်ရထာမင်းတရားက စေတီတော်ကို စောင့်ရှောက်ရန် တာဝန်ပေးခဲ့သည့် ဆံတော်ရှင်း မယ်ဖော့နှင့် မောင်တော်မောင်ပင်တို့၏ နတ်ကွန်းဟု နယ်သူနယ်သားများ၏ ပြောစကားအရ သိရသည်။

စေတီတော်ကြီး၏ အနောက်ဘက် တောင်ဘက်တို့တွင် အာရုံခံတန်ဆောင်း၊ အရှေ့တောင်ဘက်တွင် စေတီတော်ကို စောင့်ရှောက်သည့် ရဟန်းတော်နေထိုင်ရာ ကျောင်းဆောင်နှင့် တံခွန်တိုင်များ တည်ရှိသည်။ ထို့ပြင် ရှေးခေတ်က ပူဇော်ခဲ့သည့် ခေါင်းလောင်းစင်နှစ်ခုနှင့် ရှေးခေတ်ခေါင်းလောင်း တစ်လုံးကိုလည်း တွေ့ရှိရသည်။ ခေါင်းလောင်းတစ်လုံးမှာမူ မသဖေသူ

www.burmeseclassic.com

www.burmeseclassic.com



တို့၏ လက်တွင်းသို့ သက်ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

ပါးစပ်သမိုင်းအရ အနော်ရထာမင်းမြတ်သည် စမုံမြစ်၊ ပန်းလောင်(ပန်းရောင်)မြစ်၊ ဇော်ဂျီ(မက္ခရာ)မြစ် မြစ်သုံးသွယ်တို့ဖြင့် ဖြန့်ကြက်ထားရာ လယ်တွင်းနယ်၌ လယ်တွင်သား-သူများ စီးပွားရေး ဘာသာရေးများ စနစ်တကျ ဖြစ်စေရန် ဆည်မြောင်းတာတမံများ ပြုလုပ်ခြင်း၊ ဘုရားတည်ခြင်း၊ ရေကန်တူးခြင်း၊ ဇရပ် တန်ဆောင်း ကျောင်းများ ဆောက်လုပ်ခြင်းဖြင့် တိုင်းခန်းလှည့်လည်ရာတွင် မင်းတရားစီးလာသည့် စီးတော်ဆင်မယဉ်သာသည် (ယခုအခေါ်) ညောင်ဝန်းရွာအနီးသို့ ရောက်သည့်အခါ ခြေများ ညောင်းညာလာသဖြင့် လေးဘက်ဒူးတုပ်ကာ မလှုပ်သော ဣန္ဒြေဖြင့် ဝပ်လေသည်။

ဆင်ထိန်းသည် မင်းတရားကြီး မျက်နှာညှိုးနေသည်ကို မြင်တွေ့ရသဖြင့် မိမိလက်တွင်းရှိ ပေါက်ချွန်း၊ ဓား၊ လှံများဖြင့် ထိုးဆွကာ ဆင်ကိုထစေပြီး ဆက်လက်ခရီးနှင်ပြန်ရာ ဆင်မယဉ်သာသည် အရှေ့မြောက်ဘက် ကိုက် ၅၀၀ ခန့်အကွာ (ယခုအခေါ်) ညောင်ရွှေကျေးရွာအနီးတွင် မိမိ၏ အားအင်များ ကုန်ခန်းသွားသည့်အလား ဒုတိယအကြိမ် လေးဘက်ဒူးတုပ်ကာ မထသော ဝပ်ခြင်းဖြင့် ဝပ်လေသည်။ ထိုအခါ ဆင်ထိန်းသည် အမျိုးမျိုးနှိပ်စက်၍ ခရီးနှင်ရန်ပြင်ဆင်သဖြင့် ဆင်မယဉ်သာသည် သံကုန်ဟစ်ကာ အော်မြည်လေသည်။



မင်းတရားသည် "ဆင်မယဉ်သာ၏ ယခုကဲ့သို့ နှစ်ကြိမ်တိုင်တိုင် ဝပ်ခြင်း၊ သံကုန်ဟစ်အော်ခြင်းသည် အကြောင်းမဲ့ မဖြစ်တန်ရာ၊ အကြောင်းတစ်မျိုးမျိုး ရှိတန်ရာသည်" ဟု ကြံစည်တော်မူပြီး ဟူးရာဖြူ၊ ဟူးရာညို ပုဏ္ဏားတော်တို့ကို မေးတော်မူသည်တွင် ပုဏ္ဏားတော်များက-

အရှင်အရဟံမထေရ်မြတ်၏ သြဝါဒတော် ခံယူသည့်အခါ မထေရ်မြတ်က "*မင်းတရား တိုင်းခန်းလှည့်လည်သည့်အခါ ထူးခြားသော နိမိတ်များတွေ့ရှိ လိမ့်မည်။ ယင်းနေရာ၌ နောင်လာနောက်သား ပြည်သူများ ကိုးကွယ်ရစ်ဖို့ ဘုရားစေတီ တည်ထားပူဇော်သင့်သည်*"ဟု မိန့်တော်မူခဲ့ကြောင်း၊ ယခုတွေ့ရသည့် အတိတ်နိမိတ်မှာလည်း အရှင်မင်းမြတ်အား ဘုရားစေတီ တည်ထားပူဇော်စေလိုသည့် အတိတ်နိမိတ်များပင်ဖြစ်ပါကြောင်း

တညီတညွတ်တည်း သံတော်ဦးတင် လျှောက်ထားကြသည်။

ထိုအခါ မင်းတရားသည် ဘုရားစေတီ တည်ထားပူဇော်ရန် ဆုံးဖြတ်တော်မူပြီး မိမိပြုခဲ့သော ကောင်းမှုကုသိုလ်များကို ဆင်ခြင်တော်မူကာ "မိမိပြုခဲ့သမျှသော ကောင်းမှုကုသိုလ်ကံများကြောင့် ဘုရားတည်နိုင်ရန် ယခုပင် ညွှန်ပြပါစေသတည်း" ဟု အဓိဋ္ဌာန်တော်မူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကြီး အမိန့်တော်မှုလိုက်လျှင် အမည်မသိ အဘိုးအဘွား သူတော်စင်နှစ်ဦးတို့က ဆပ်သွားဖူး တစ်ဖူးစီကိုင်ကာ ဆပ်သွားနှစ်ဖူးကို မင်းတရားအား ဆက်သကြသဖြင့် **"ရွှေဆပ်သွားစေတီ"** တည်ထားပူဇော်ပြီး ဆင်မယဉ်သာ ညောင်း၍ ဝပ်သည့်နေရာ၌ **ညောင်းဝပ်ရွာ၊** ညောင်းဝပ်ရာမှ ရွှေ့သွားသည့်နေရာ၌ **ညောင်းရွှေ့ရွာ** တည်၍ ဘုရားကြီးအား စောင့်ရှောက်ရန် ဘုရားဝတ္တကမြေများကိုပါ လှူဒါန်းပူဇော်ခဲ့လေသည်။

ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး၏ ကုသိုလ်ဖြန့်ဝေရာ နယ်မြေကိုလည်း **"ဆင်မတစ်ဟဲ"** ဟူ၍ သတ်မှတ်တော်မူခဲ့သည်။ *(ကာလရွေ့လျော၍ ညောင်းဝပ်ရွာမှ ညောင်ဝန်းရွာ၊ ညောင်းရွှေ့ရွာမှ ညောင်ရွှေရွာအဖြစ် ပြောင်းလဲခေါ်ဝေါ်လာခဲ့ကြသည်။)*

အနော်ရထာမင်းတရား တည်ထားကိုးကွယ်စဉ်က စေတီတော်၏ ဉာဏ်တော်အမြင့်မှာ ၉ တောင် ဖြစ်သည်။ အင်းဝခေတ်တွင် ယင်းစေတီငယ်ကို ငုံ၍ အုတ်စေတီ တည်ထားပူဇော်ကာ အင်းဝဘုရင်ကိုယ်တိုင် အခြံအရံပရိသတ်များဖြင့် လာရောက်၍ မီးပူဇော်ခဲ့သည်။

ထို့အတူပင် ညောင်ဝန်း သပြေပင်ကျောင်းတိုက်တွင် သီတင်းသုံးလျက်ရှိသော ဂိုဏ်းထောက်ဆရာတော် ဦးဇိနနှင့်



ဦးလူကြီး၊ ဦးကျော်၊ ဦးဖိုးထင်တို့ ဦးစီးဦးဆောင်ပြုကာ နယ်သူနယ်သား အများကုသိုလ်ဖြင့် ယခုလက်ရှိ ကျောက်သားစေတီတော်ကို တည်ထားပူဇော်ခဲ့ကြသည်။

ရသေ့ကြီး ဦးခန္တီလက်ထက်တွင် စေတီတော်မြတ်ကြီးသို့ ရသေ့ကြီးကိုယ်တိုင် ကြွရောက်လာပြီး ကျောက်ဆည်မြို့မှ စက်ပိုင် ဦးသက်ထွန်း၊ သင်ပုတ်ရွာသူကြီး ဦးဖိုးမောင်၊ ညောင်ဝန်းရွာသူကြီး ဦးပန်းမွေး၊ ကြက်လျှာရွာသူကြီး ဦးလှ၊ ညောင်ရွှေရွာမှ ဦးချမ်းအေး၊ ရပ်မိရပ်ဖများနှင့် တိုင်ပင်ဦးဆောင်ကာ ဉာဏ်တော်အမြင့် ၇၅ တောင်မြင့်သည့် စေတီတော်ကြီးကို သပ္ပာယ်တင့်တယ်အောင် ပြုပြင်မွမ်းမံလျက် ထီးတော်အသစ် တင်လှူပူဇော်ခဲ့ကြသည်။

သည်မျှမက မဟာမြတ်မုနိ ရုပ်ပွားတော်ကြီးနှင့် ပုံတူကြေးအချိန် ၁၃၅၀ ပိဿာရှိ ရုပ်ပွားတော်ကြီး တစ်ဆူကိုလည်း မန္တလေးမြို့ မြို့ဟောင်း-လေးအိမ်တန်းရပ်နေ ပန်းတည်းဆရာကြီး ဦးစိန်ထံသို့ အပ်နှံကာ သွန်းလုပ်စေပြီး ဂန္ဓကုဋီကျောင်းတိုက်အတွင်း၌ တည်ထားပူဇော်ခဲ့လေသည်။ ယခုလက်ရှိ ဗုဒ္ဓရုပ်ပွားတော်ကြီးမှာ ရသေ့ကြီးဦးခန္တီ လမ်းညွှန်ပူဇော်ခဲ့သည့် ရုပ်ပွားတော်ကြီးပင် ဖြစ်သည်။ ရုပ်ပွားတော် သွန်းလုပ်ပူဇော်သည့် နှစ် လ ရက် နေ့ကို ၁၂၉၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်နေ့ဟု မှတ်တမ်းတင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိသည် ငယ်စဉ်ကပင် -

**ဆပ်သွား ကိုးဆူ၊ ဂူကိုးလုံး၊**

**ဆပ်သွား ကိုးဆူ ဂူကိုးဂူ၊**

**မုဋ္ဌောကိုးခု၊ ဆည်ကိုးခု**

ဟူသော စကားများကို အဘိုးအဘွား မိဘများထံမှ မကြာခဏ ကြားသိခဲ့ရသည်။ သတိထားမိသည့်အခါ ဂူကိုးလုံးကိုလည်းကောင်း၊ မုဋ္ဌောကိုးဆူကိုလည်းကောင်း၊ ဆည်ကိုးဆည်ကိုလည်းကောင်း ဟိုနေရာ ဒီနေရာ၌ ပြည့်စုံလုနီးပါး တွေ့ရှိရသော်လည်း ဆပ်သွားကိုးဆူကိုမူ ညောင်ရွှေရွာမြောက်ဘက်ရှိ ရှင်ပင်ရွှေဆပ်သွားဘုရားနှင့် ကြက်လျှာရွာ အရှေ့မြောက်ဘက်ရှိ ရှင်ပင်ရွှေဆပ်သွားဘုရား နှစ်ဆူကိုသာ ရှာဖွေဖူးမြင် တွေ့ရှိခဲ့ရသည်။ ကျန်ရှိနေသော ရှင်ပင်ရွှေဆပ်သွားဘုရားများကိုလည်း တွေ့ရှိဖူးမြင်ရလျှင် ကောင်းမည်ဟု စိတ်ကူးမိသည်။ မင်းတရားအား ဆပ်သွားနှစ်ဖူး ဆက်သခဲ့ကြောင်း ပါးစပ်ရာဇဝင်ရှိသဖြင့် "နှစ်ဆူတည်းများ တည်ထားခဲ့လေသလား" ဟုလည်း တွေးတောမိပြန်သည်။ ကျောက်ဆည်မှတ်တမ်း၌မူ ဆပ်သွားဘုရားကို သီးသန့်ရှိဟန်မရေးဘဲ မုဋ္ဌောကိုးဆူတွင် ရွှေဆပ်သွားများလည်း အတူတူ ပါဝင်ဟန် ရေးသားထားသည်ကို တွေ့ရသည်။

ရွှေဆပ်သွားစေတီတော်ကြီးကို အနော်ရထာမင်းတရား တည်ထားပူဇော်စဉ်က ကျောက်စာစိုက်ထူ ပူဇော်ခဲ့သည်။



ယင်းကျောက်စာ၌ စေတီတော်မြတ်အား ပျက်စီးအောင် ဖျက်ဆီးသူတို့အား ဆိုးကျိုးတရားများ ဖြစ်ပွားပါစေကြောင်း ကျိန်စာနှင့်အတူ ပတ်ဝန်းကျင်ရှိ လယ်ပဲ ၅၀၀ ကို ဘုရားဝတ္တကမြေအဖြစ် သတ်မှတ်ကာ ရွှေဆပ်သွားမြတ်စွာဘုရားကြီးအား လှူဒါန်းပါကြောင်း၊ ယင်းကျောက်စာကို အနောက်ငါးဆူရွာ၏ တောင်ဘက် ပန်းလောင်နှင့်စမုံ မြစ်နှစ်မြစ်တို့ဆုံရာ ဒေါင်းကရွာအနီး ဒေါင်းကဝဲတွင် လွှင့်ပစ်ခဲ့ကြကြောင်း၊ ယခုအခါ ဒေါင်းကရွာ မရှိတော့ကြောင်း၊ ဒေါင်းကဝဲ မြစ်ဆုံနေရာမှာလည်း နုံးများတင်၍ မြစ်ကြောင်းပြောင်းခဲ့ရာ ယခုမြစ်ဆုံနေရာနှင့် တစ်မိုင်ကျော် ဝေးကွာခဲ့ပြီဖြစ်ကြောင်းနှင့် ကျောက်စာကို ဖျောက်ဖျက်ရခြင်းမှာ ကျောက်စာ၌ ကျိန်စာများပါရှိ၍ နောင်လာနောက်သားတို့ ထိတ်လန့်ကြောက်ရွံ့မည် စိုးရိမ်ခြင်း၊ ဘုရားဝတ္တကမြေကို မိမိတို့ ကိုယ်ပိုင်လယ်ယာမြေ ပြုလုပ်လိုခြင်းများကြောင့် ဖြစ်နိုင်သည်ဟု အစဉ်အဆက် ပြောစကားအရ သိရသည်။

ရှင်ပင်ရွှေဆပ်သွား မြတ်စွာဘုရားကြီး အကြောင်းကို ကျောက်ဆည်မြို့နယ်မှတ်တမ်း၌ -

**ရွှေဆပ်သွားဘုရား** ။ ။ ကျောက်ဆည်မြို့၏ မြောက်ဘက် ၅ မိုင်ခန့် အကွာ ညောင်ရွှေရွာ၏ မြောက်ဘက် ကပ်လျက် တည်ရှိသည်။ အနော်

www.burmeseclassic.com

www.burmeseclassic.com



> ရထားမင်း ကောင်းမှုဟု ဦးဘသိန်း ကိုးခရိုင် သမိုင်း၌ ပြဆိုထားသည်။ မှဒ္ဒောကိုးဆူတွင် တစ်ဆူအပါအဝင် ဖြစ်ကြောင်း သိရသည် -

ဟု လည်းကောင်း၊

> ပွဲတော်ကို တပို့တွဲလပြည့်ကျော် ၅ ရက်နေ့မှ ၈ ရက်နေ့ထိ ဇာတ် ရုပ်ရှင်ပွဲများဖြင့်လည်းကောင်း၊ နွားအလှ၊ ဒုန်းအပြေးပြိုင်ပွဲများဖြင့် လည်းကောင်း ခမ်းနားစွာ ကျင်းပကြသည်။ လယ်သမားတို့ တလင်းသိမ်းချိန်ဖြစ်ရာ လယ်ယာသုံးကိရိယာတို့နှင့် စားဖွယ် ဝတ်ဖွယ် ကုန်ပစ္စည်းများ ရောင်းချသော ရပ်ဝေးရပ်နီးမှ ဈေးသည်တို့ဖြင့် နေ့ညမစဲ စည်ကားပေသည်။

ဟု လည်းကောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

ကျောက်ဆည်နယ်သူနယ်သား အားလုံးသည် အနော်ရထာမင်းတရား ဖောက်လုပ်တူးဖော်ခဲ့သည့် မြစ်ချောင်းများမှ ရေကို သုံးစွဲကြရသဖြင့် မင်းတရားကျေးဇူးတော်ကို အမြဲသတိရလျက် မင်းတရား တည်ထားပူဇော်ခဲ့သည့် ဘုရားစေတီ၊ ပုထိုးတော်များ၌ မိမိတို့စွမ်းနိုင်ရာ ကုသိုလ်များပြုလုပ်ကြကာ မင်းတရားအား အမျှပေးဝေလေ့ရှိကြသည်။

စေတီတော်ကြီး၏ ကုသိုလ်ဖြန့်ရာနယ်မြေ (ညောင်ရွေ၊



ညောင်ဝန်း၊ ညောင်ပင်စောက်၊ ကြောင်ပန်းကုန်း၊ ကြက်လျှာ၊ ငါးအိုး၊ အနောက်ရွာနန်း၊ ရေတွင်းပြည့်၊ သင်ပုတ်၊ ငါးလုံကုန်း၊ ပွတ်တိုင်၊ ပုထိုးတိုင်) ကျေးရွာများရှိ ဆရာတော်သံဃာတော်များ၊ နယ်သူနယ်သားများသည် အနော်ရထာမင်းတရားအား တုန့်ပြန် ကျေးဇူးဆပ်သည့် အနေဖြင့် မင်းတရား တည်ထားပူဇော်ခဲ့သည့် ရှင်ပင်ရွှေဆပ်သွား စေတီတော်မြတ်ကြီး၌ လစဉ်လပြည့်နေ့တိုင်း ဝတ်တက်ဝတ်ကပ်သည့် ဝတ်အသင်းများ စီစဉ်ကာ ကုသိုလ်ယူပူဇော်ကြပေသည်။

ထို့ပြင်မက သီတင်းကျွတ် လပြည့်ကျော် ၄-၅ ရက်နေ့များ၌ ဆင်လှူပွဲတော်နှင့် ဆွမ်းကြီးလောင်းပွဲတော် ကျင်းပပူဇော်ကြပြီး၊ တပို့တွဲလပြည့်နေ့မှစ၍ လပြည့်ကျော် ၅ ရက်နေ့အထိ အသံမစဲ မဟာပဋ္ဌာန်းတရားတော်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ အချို့နှစ်များ၌ တပို့တွဲလပြည့်ကျော် ၈ ရက်နေ့ အထိ၊ အချို့နှစ်များ၌ ၁၀ ရက်နေ့အထိ တပို့တွဲထန်းမနဲ့(ထမနဲ) ဘုရားပွဲတော်ကို ဇာတ်၊ ရုပ်ရှင်နှင့် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ၊ နွားအလှပြိုင်ပွဲ၊ ဒုန်းနွားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ကြလေသည်။

မန္တလေးနေ့စဉ် (၂၆၊ ၄၊ ၂၀၀၇)

www.burmeseclassic.com

www.burmeseclassic.com



# ပြန်လည်ပြုပြင်တော့မည့် ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး

နယ်တွင်စံပျော်၊ ရွှေသိမ်တော်နှင့်၊
ဓာတ်တော်လိုဏ်ဘုရား၊ ရွှေဆပ်သွားဟု၊
ထွင့်ထားကိုယ်ပွား၊ ဂူဘုရားလည်း၊
မြို့သားနယ်သူ၊ ကုသိုလ်ယူဖို့၊
တမူထူးဟန်၊ စီအမံဖြင့်၊
ပရမ်စိန္တေ၊ စောင့်ရှောက်ပေသည်
မြို့နေသူတို့ ထူးကြလို့ .....
ကုသိုလ်ယူဖို့ ဖူးကြစို့ .....။

ကျောက်ဆည်လယ်တွင်းနယ်ကို "တောင်ဘက်ဆုံး ပြက္ခရွှေတောင်ခြေရင်းမှ မြောက်ဘက် ဒုတ္တာဝတီ ခေါ်သော မြစ်ငယ်မြစ်အဆုံးတိုင်၊ အရှေ့ဘက် ရှမ်းရိုးမတောင်ခြေရင်းမှ



အနောက်သို့ စမုံမြစ်အထိကျယ်ဝန်းသော ဒေသကြီးဖြစ်သည်" ဟု တမ္ပဝတီဦးဝင်းမောင်က မြစ်သာ ၁၁ ရွာ ကွင်းဆင်း လေ့လာချက်မှတ်စု၌ ဖော်ပြထားသည်ကို တွေ့ရသည်။

မိမိသည် (၄-၃-၂၀၀၇) နေ့ထုတ် မန္တလေးနေ့စဉ် သတင်းစာ "လယ်တွင်းနယ်မှတန်ခိုးကြီးဘုရားများ ဖူးကြစို့" ဆောင်းပါး၌ ကျောက်ဆည်လယ်တွင်းနယ်ကို မြို့တွင်းမှ တန်ခိုးကြီးဘုရားများအပြင် မြို့၏အရှေ့ဘက်မှ ဓာတ်တော်လိုဏ်ဂူဘုရားကြီး၊ မြောက်ဘက်မှ မဟာရွှေသိမ်တော် စေတီတော်၊ အနောက်ဘက်မှ ရှင်ပင်ရွှေဆပ်သွားဘုရားနှင့် ရှင်ပင်ရွှေဂူကြီးဘုရား၊ တောင်ဘက်တွင်မူ အင်ရောင်းရွှေဂူကြီးစေတီတော်ကြီးများက မြို့သူမြို့သား နယ်သူနယ်သားများကို ကုသိုလ် ပေးဝေကာ ဘုရားရိပ်ဖြင့် အအေးဓာတ်ဆောင်လျက် စောင့်ရှောက်ထားသည်ကို ဖော်ပြခဲ့ပြီး ဖြစ်ပါ၏။

ယခုအခါတွင်မူ ယင်းစေတီတော်ကြီးများတွင် တစ်ဆူ အပါအဝင်ဖြစ်သည့် ပြုပြင်တော့မည်ဖြစ်သော **"ရှင်ပင်ရွှေဆပ်သွား စေတီတော်ကြီး"**၏ အကြောင်းကို ဖော်ပြလိုပေသည်။

ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီးသည် ကျောက်ဆည်မြို့၏ အနောက်ဘက် ၅ မိုင်ခန့်အကွာတွင် တည်ရှိပြီး ပထမ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သည့် အနော်ရထာ မင်းတရားကြီး၏ကုသိုလ်တော် ဖြစ်သည်။ ဘုရားပွဲတော်နေ့

www.burmeseclassic.com

www.burmeseclassic.com



သွားရောက်ခဲ့စဉ်က ကျောက်ဆည်မြို့နှင့် ရွှေဆပ်သွားဘုရား သွားလမ်းတစ်လျှောက်တွင် ဘုရားဖူးသွားသူများ၊ ဆွမ်းဆန်တော်လောင်း သွားသူများ၊ အလှူခံဌာနများဖြင့် အထူးစည်ကားလျက် ရှိသည်ကို တွေ့ရသည်။ ဘုရားသို့ရောက်လျှင် ဂေါပကလူကြီးများနှင့် ဒေသခံ နယ်သူနယ်သားများက ပင့်သံဃာတော် ၅၀ ပါးတို့အား ဆွမ်းဆန်တော်နှင့် အခြားသော လှူဖွယ်ပစ္စည်းများ လောင်းလှူကုသိုလ်ယူနေကြသည်ကိုလည်း ဖူးမြင်ကြည်ညိုခဲ့ရသည်။

ရွှေဆပ်သွားဘုရားပွဲတော်ကို နှစ်စဉ် တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပကြကြောင်း၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့တွင် ဆင်လှူပွဲတော်နှင့် ဆွမ်း၊ မုန့်ဆီကြော်၊ မုန့်ဖက်ထုပ်များလောင်းလှူသည့် ဆွမ်းကြီးလောင်းပွဲတော် ကျင်းပပူဇော်ကြပြီး တပို့တွဲလပြည့်နေ့မှစ၍ တပို့တွဲလပြည့်ကျော် ၅ ရက်နေ့အထိ မဟာပဋ္ဌာန်းတရားတော်များကို အသံမစဲ ရွတ်ဖတ်ပူဇော်ကာ ဆက်လက်၍ တပို့တွဲပွဲတော်ကို ဇာတ်၊ ရုပ်ရှင်များအပြင် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ၊ နွားအလှပြိုင်ပွဲ၊ ဒုံးနွားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ကြကြောင်း သိရသည်။

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့ ရောက်ရှိစဉ်ကမူ ကာလကြာညောင်းသဖြင့် ယိုယွင်းယိမ်းယိုင် ပျက်စီး



နေသည့် ရွှေထီးတော်ကြီးနှင့် ဆပ်သွားဖူးတော်၊ ကြာမောက်၊ ကြာလှန်များ ရေးမှုမပျက် ပြန်လည်ပြုပြင်နိုင်ရေး၊ တိမ်မြုပ်နေသည့် အနော်ရထာမင်းတရား၏ကုသိုလ် စေတီတော်ငယ်နှင့် စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များကို ပြန်လည်ပူဇော်ခွင့်ရရှိရေးတို့အတွက် မန္တလေးတိုင်းသံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အင်ရောင်းမင်းကျောင်းဆရာတော်၊ ကျောက်ဆည်မြို့နယ် သံဃနာယကဖွဲ့ဥက္ကဋ္ဌ သပြေပင်ဆရာတော်၊ ဒုတိယဥက္ကဋ္ဌ ကြက်မင်းတွန်ဆရာတော်၊ အကျိုးတော်ဆောင်(သု) ရေဝတီဆရာတော်၊ အကျိုးတော်ဆောင်(ရွှေ) အရှင်ပဏ္ဍိတအမှူးပြုသော မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ ရပ်ကျေးသံဃနာယကဆရာတော်ကြီးများ၊ ဒေသခံဆရာတော်ကြီးများထံ ဩဝါဒခံယူသည့် အခမ်းအနား ဆောင်ရွက်နေသည်ကို တွေ့ရှိခဲ့ရသည်။

အခမ်းအနားကို မြို့နယ်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် လယ်ပြင်ဆရာတော်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူပြီး "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကြလျက် အခမ်းအနား စတင်ဖွင့်လှစ်တော်မူကြကာ ဩဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်သူနှင့်တာဝန်ရှိလူကြီးများက စေတီတော်ကြီး၏ ယိုယွင်းပျက်စီး

www.burmeseclassic.com

www.burmeseclassic.com



နေမှုများ၊ ပြန်လည်ပြုပြင်မည့် အနေအထားနှင့် စေတီတော်ကြီးအား မူလလက်ရာမပျက် ထိန်းသိမ်းထားရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးတော်မူကြသည်။

ပြီးမှ မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်က အကြံပြုလျှောက်ထားရာ ရသေ့ကြီး ဦးခန္တီ ပြုပြင်ခဲ့စဉ်က စေတီတော်ကြီးတည်ထားပုံမှာ မန္တလေး မြို့တည်-နန်းတည် မင်းတုန်းမင်းတရားကြီး၏ကုသိုလ် မဟာကုသိုလ်တော်စေတီတော်ကြီး၏ တည်ရှိပုံနှင့် ပုံစံတူဖြစ်ကြောင်း၊ ၁၃၆၀ ပြည့်နှစ် ပြုပြင်ကြစဉ်က ယင်းမူလပုံတော်ကို သတိမမူမိကြသဖြင့် ယခုအခါ ဖောင်းရစ်၊ ကြာမှောက်၊ ကြာလှန်၊ ဆပ်သွားဖူးတော်များ မူလပုံဟန် ပျက်စီးနေကြောင်း၊ စေတီတော်ကြီးကို ပြန်လည်ပြုပြင်ကြသည့်အခါ မူလစေတီတော်ကြီးပုံစံအတိုင်း ပြုပြင်နိုင်ဖို့ ဗိသုကာပုံစံ၊ အင်ဂျင်နီယာပုံစံများရေးဆွဲကာ မကြာမီဆက်ကပ်ကုသိုလ်ယူနိုင်အောင် ကြိုးစားမည်ဖြစ်ကြောင်း၊ စေတီတော်ကြီး ပြုပြင်ကြသည့်အခါ ရွှေထီးတော်ကြီးကို ခေတ္တ ဓမ္မာရုံအတွင်းတွင် ပင့်ဆောင်ထားကြပြီး စေတီတော်ကြီး အပေါ်တွင် အလေ့ကျပေါက်နေသည့် ညောင်ပင် ကြီးငယ်များကို အမြစ်ပါ မကျန်အောင် တူးထုတ်ကြရမည်ဖြစ်ကြောင်း၊ စေတီတော်ကြီး၏ မူလပိန္နဲတိုင်သည် သစ်သားအတွင်း စိုက်ထားသည် ဖြစ်ပါက သစ်သားမှာ ဆွေးမြေ့နေပြီဖြစ်သဖြင့် ယင်းသစ်သားဆွေးကို



ဖယ်ရှင်းကာ သံမဏိပိုက်များ ပြန်လည်အစားထိုး ပူဇော်ကြရမည်ဖြစ်ကြောင်း၊ အနော်ရထာမင်းကြီး၏ ကောင်းမှုကုသိုလ်တော် မူလစေတီငယ်နှင့် မူလရုပ်ပွားတော်များ ဖူးမြင်ခွင့်ရရှိရန်အတွက်မှု ရသေ့ကြီးဦးခန္တီ သွန်းလုပ်ပူဇော်ခဲ့သည့် ကြေးသွန်းရုပ်ပွားတော်ကြီး၏ ကျောဘက်တွင်ရှိသော ၆ လက်မ ပတ်လည်ခန့်ရှိ အပေါက်ငယ်ကို ဆရာတော်ကြီးများအနေဖြင့် ခွင့်ပြုကြမည် ဆိုပါက လူဝင်လို့ရနိုင်ဖို့ အမြင့်သုံးပေ၊ အကျယ်နှစ်ပေရှိအောင် အပေါက်ငယ် ချဲ့ထွင်သင့်ကြောင်း၊ ယင်းသို့ ချဲ့ထွင်လိုက်ပါက သမိုင်းတန်ဖိုး ကြီးမားလှသည့် အနော်ရထာမင်းတရား၏ ကုသိုလ်တော်စေတီငယ်၊ (သို့မဟုတ်) အင်းဝဘုရင်၏ ကုသိုလ်တော် စေတီငယ်နှင့် အင်းဝဘုရင်၏ ကုသိုလ်တော် ဆင်းတုရုပ်ပွားတော်ကြီးကို အများပြည်သူများ ဖူးမြင်ခွင့်ရရှိသဖြင့် လွန်စွာပင် ကုသိုလ်တရားများ တိုးပွားဖွယ်ရှိကြောင်း အကြံပြု လျှောက်ထားသည်။

ဆက်လက်ပြီး မန္တလေးတိုင်းသံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အင်ရောင်းမင်းကျောင်းဆရာတော်ကြီးက ဩဝါဒစကား မိန့်ကြားတော်မူရာ စေတီတော်ကြီးပြုပြင်ရာတွင် ဘုရားကြိုက်အောင် ပြုပြင်ကြစေလိုကြောင်း၊ ဘုရားကြိုက်အောင်ဆိုသည်မှာ ဘုရားရှင်၏ ဂုဏ်တော်များကို ထုံမွှမ်းပြီး ဗုဒ္ဓါနုဿတိဘာဝနာ ဖြစ်ပွားအောင် မပြုပြင်မီ ရှေးဦးစွာ စေတီ

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးအား ပန်း ရေချမ်း သစ်သီးဆွမ်း သက်သတ်လွတ် ဆွမ်းများ ဆက်ကပ်လှူဒါန်း၍ ဘုရားအနေကဇာတင်ကြစေလိုကြောင်း၊ ယင်းသို့ ပြုလုပ်သည့် ကုသိုလ်ကောင်းမှုများကို စေတီတော်ကြီးတွင် စောင့်ရှောက်နေကြသည့် သူတော်စင် နတ်ကောင်းနတ်မြတ်များအား အမျှပေးဝေကာ ယင်းသူတော်စင် နတ်ကောင်းနတ်မြတ်များ၏ ကူညီစောင့်ရှောက်မှုကို ရယူကြစေလိုခြင်းဖြစ်ကြောင်း၊ စေတီတော်ကြီး ပြုပြင်ရန်အတွက် မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်က အကြံပြုပြီးဖြစ်သဖြင့် အကြံပြုဖွယ်မလိုသော်လည်း လုပ်ဆောင်သည့်အခါ အများပြောစရာမရှိစေဖို့ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ရပ်ကျေးသံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ရပ်ကွက်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများမှ တာဝန်ရှိသူများက တစ်စုံတစ်ခု အမှားမရှိရအောင် အနီးကပ်ကြီးကြပ်ကြစေလိုကြောင်း မိန့်ကြားတော်မူသည်။

ငှင်းနောက် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် (သုခမ္မာ) ရောဝတီဆရာတော်က စေတီတော်ကြီး ပြုပြင်ရေးအတွက် လုပ်ငန်းစဉ်အားလုံးကို ဂိုဏ်းပေါင်းစုံ မြို့နယ်သံဃနာယဆရာတော်ကြီးများမှ ညောင်ရွှေ၊ ကျိုးပြ၊ ပွတ်တိုင်၊ သင်ပုတ်၊ ကျိုးအိပ်ကျေးရွာအုပ်စု စုပေါင်းသံဃနာယက ဆရာတော်ကြီးများအား လွှဲအပ်ကြောင်း၊ စုပေါင်းအုပ်စု ရပ်ကျေးသံဃနာယကဆရာတော်များ ဆိုသော်လည်း နယ်မြေဒေသခံ ဆရာတော်ကြီးများအနေဖြင့် ကြီးကြပ်တာဝန်ယူကြရမှာဖြစ်ကြောင်း၊ ပြုပြင်ပြီးစီးမှုကို နယ်မြေတာဝန်ခံဖြစ်သည့် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးကို အမြဲလျှောက်ထားရမည်ဖြစ်ကြောင်း၊ ထူးထူးခြားခြား တွေ့ရှိပါက မြို့နယ်သံဃနာယကအဖွဲ့ထံ တင်ပြလျှောက်ထားရမည်ဖြစ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရေးဟောင်းသုတေသနဦးစီးဌာန၊ ခရိုင်သာသနာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့ထံ မိတ္တူပို့ တင်ပြကြရန် လိုအပ်ကြောင်း မိန့်ကြားတော်မူသည်။



ဆရာတော်ကြီးများ၏ ဩဝါဒအပြီးတွင်မှ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူက စေတီတော်ကြီးအား ဆရာတော်ကြီးများ၏ ဩဝါဒတော်နှင့်အညီ ရှေးမူမပျက်ပြန်လည်ပြုပြင်မည်ကို သိရသဖြင့် မိမိအနေဖြင့် အထူးဝမ်းမြောက်ကြောင်း၊ စေတီတော်ကြီး ပြုပြင်ရာတွင် မိမိတို့အနေဖြင့် ကိုယ်အား၊ အကြံဉာဏ်၊ အလှူငွေများ တတ်နိုင်သမျှ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း လျှောက်ထားပန်ကြား၍ ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး၏ ဂေါပကအဖွဲ့

www.burmeseclassic.com



ဥက္ကဋ္ဌ ဆရာကြီးဦးတင်လှိုင်က ကျေးဇူးတင်စကား လျှောက်ထား၍ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို အဓိဋ္ဌာန်ပြုကြကာ ကျောက်ဆည်မြို့နယ် ညောင်ရွှေကျေးရွာအနီး သမိုင်းဝင်ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး ပြုပြင်ရေးအတွက် လမ်းညွှန်မှုခံယူသည့် ဩဝါဒခံယူပွဲအခမ်းအနား အောင်မြင်စွာ ဆင်နွှဲကျင်းပခဲ့ကြသည်ကို ကြည်ညိုဖွယ် ရရှိခဲ့ပေသည်။

သူတော်စင်အပေါင်းတို့ . . .

သမိုင်းဝင် ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး ပြုပြင်ထိန်းသိမ်းရေးအဖွဲ့သည် မန္တလေးတိုင်းသံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အင်ရောင်းမင်းကျောင်း ဆရာတော်ကြီးနှင့် မြို့နယ်သံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ) ဆရာတော်ကြီးများ၏ လမ်းညွှန်မှု ဩဝါဒတော်များနှင့်အညီ စုပေါင်းအုပ်စုရပ်ကျေးသံဃနာယက ဆရာတော်ကြီးများ၊ နယ်မြေဒေသခံ ဆရာတော်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သည့် အနော်ရထာမင်းတရားကြီး၏ကုသိုလ်တော် ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီးအား ယိုယွင်းပျက်စီးနေသည်များကို ပြုပြင်ခြင်း၊ မင်းတရားကုသိုလ် မူလစေတီတော်နှင့် အင်းဝဘုရင်၏ ကုသိုလ် ရုပ်ပွားဆင်းတုတော်များကို အများပြည်သူများ ကြည်ညိုဖွယ် ရရှိရေးအတွက် စတင်ဆောင်ရွက် အကောင်



အထည်ဖော်လျက် ရှိနေပေပြီ။ စေတီတော်ကြီးနှင့် ပဋ္ဌာန်းဆက်မကင်းကြသည့် ကုသိုလ်ရှင်များအနေဖြင့် စေတီတော်ကြီး ပြုပြင်နေစဉ်အတွင်း စေတီတော်ကြီးနှင့်စပ်သည့် ဗုဒ္ဓပူဇနိယ ကုသိုလ်ကောင်းမှုများ တိုးပွားအောင် ကြိုးစားနိုင်ကြစေဖို့ တိုက်တွန်း နှိုးဆော်လိုက်ရပေသည်။

မန္တလေးနွေစဉ် (၂၀၊ ၅၊ ၂၀၀၉)

www.burmeseclassic.com

www.burmeseclassic.com



## အံ့ဖွယ်ထူးခြား ရှင်ပင်ရွှေဆပ်သွား

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ
သမေ စိတ္တေ သမံ ဖလံ၊
စေတောပဏိဓိ ဟေတူ ဟိ
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

**တိဋ္ဌန္တေစာပိ** - သက်တော်ထင်ထင်၊ တည်ရှိစဉ်ဝယ်၊ ဖူးမြင်ရငြား၊ မြတ်ဘုရား၌လည်းကောင်း၊ **နိဗ္ဗုတေစာပိ** - ရွှေပြည်နိဗ္ဗူ၊ စံတော်မူသည့်၊ သုံးလူ့ထွဋ်ထား၊ မြတ်ဘုရား၌လည်းကောင်း၊ **စိတ္တေ** - ဂုဏ်တော်အာရုံ၊ ကောင်းစွာထုံ၍၊ တလုံလဲလဲ၊ မှီဝဲစွဲသုံး၊ စိတ်နှလုံးသည်၊ **သမေ** - သဒ္ဓါပညာ၊ အရာရာဝယ်၊ မကွာတန်းတူ၊ ညီမျှပါမူကား၊ **သမံဖလံ** - အကျိုးပေးဟန်၊ အတန်တန်လည်း၊ ကေန်ညီမျှ၊ တန်းတူရ



တော့၏။ **ဟိ (ယုတ္တံ)** - ထိုစကားလျှင်၊ မမှားဧကန်၊ ယုတ္တိတန်လှပါပေ၏။ **သတ္တာ** - ယုတ်မြတ်မဟူ၊ သူငါကစ၊ သတ္တဟူသမျှတို့သည်၊ **စေတောပဏိဓိဟေတု** - စိတ်နေစိတ်ထား၊ ကြီးမားဖြူစင်၊ ကြည်လင်သန့်ရှင်း၊ အကြောင်းရင်းကြောင့်၊ **သုဂတိံ** - လူ့ရပ်နတ်ထံ၊ စည်းစိမ်စံလျက်၊ နိဗ္ဗာန်တိုင်ထိ၊ အကောင်းဆုံးဂတိသို့၊ **ဂစ္ဆန္တိ** - ပါရမီစွမ်းသလောက်၊ စခန်းပေါက်အောင်၊ လှမ်းရောက်နိုင်ကြပါသတည်း။

စာရှုသူများအား သမိုင်းဝင် ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး ပြုပြင်ထိန်းသိမ်းရေးအဖွဲ့အနေဖြင့် ပျက်စီးယိုယွင်းနေသည့် ရွှေထီးတော်နှင့် စေတီတော်ကြီး၏ အထက်ပိုင်းများကို ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ရန်၊ စေတီတော်ကြီး၏ ပစ္စယံများ၌ ပေါက်နေသော ညောင်ပင်များကို နောက်တစ်ဖန် ပြန်လည်မပေါက်နိုင်ဖို့ အမြစ်ပါမကျန် ရှင်းလင်းပြီး ကျောက်သားများအစားထိုးရန်၊ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များ၏ အနန္တကျေးဇူးရှင် ပထမမြန်မာ နိုင်ငံတော်ကြီးကို တည်ထောင်သည့် အနိရုဒ္ဓဒေဝ (ခေါ်) အနော်ရထာမင်းတရား၏ ကောင်းမှုကုသိုလ်တော် မူလဆပ်သွားစေတီတော်နှင့် ဆင်တုရုပ်ပွားတော်များကို အများပြည်သူများ ကြည်ညိုနိုင်ဖို့ စီစဉ်ခွင့်ပြုနိုင်ရန် စသည်တို့အတွက် မန္တလေးတိုင်းသံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အင်ရောင်းမင်းကျောင်းဆရာတော်ကြီးနှင့် ဂိုဏ်းဝေါင်းစုံ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ မြို့နယ်အဆင့်တာဝန်ရှိသူများထံ (၁၁- ၅ -၂၀၀၉) နေ့က ဩဝါဒတော်နှင့်လမ်းညွှန်မှုများ ခံယူခဲ့ကြကြောင်းကို (၂၀-၅-၂၀၀၉)နေ့ထုတ်မန္တလေးနေ့စဉ်သတင်းစာ၌ "ပြန်လည်ပြုပြင်တော့မည့် ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး" ဆောင်းပါးဖြင့် ဖော်ပြခဲ့ပြီးဖြစ်ပေသည်။

ယခုတစ်ဖန် ဆက်လက်၍ ဩဝါဒခံယူပြီးနောက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည့် သမိုင်းဝင် ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး ပြုပြင်ထိန်းသိမ်းရေးအဖွဲ့၏ဆောင်ရွက်မှုများနှင့် သမိုင်းဝင်စေတီတော်ကြီး၏ ထူးခြားချက်များကို ထပ်မံတင်ပြလိုပေသည်။

မှန်ပါ၏။ သမိုင်းဝင် ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီးပြုပြင်ထိန်းသိမ်းရေးအဖွဲ့သည် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများ၏ ဩဝါဒလမ်းညွှန်မှုများကို ခံယူပြီးနောက် ကျောက်ဆည်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌသပြေပင်ဆရာတော်၊ အကျိုးတော်ဆောင်(ရွှေ) အရှင်ပဏ္ဍိတ၊ မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်၊ ရပ်ကျေးသံဃနာယကအဖွဲ့ ဆရာတော်များ၊ နယ်မြေဒေသခံဆရာတော်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၏ အနီးကပ်ကြီးကြပ်မှုကို



ခံယူကာ ရသေ့ကြီးဦးခန္တီ၏ ကောင်းမှုကုသိုလ်တော် ကြေးသွန်းရုပ်ပွားတော်ကြီးဖြင့် ပိတ်ဆို့ဖုံးကွယ်နေသည့် အနော်ရထာမင်းတရား၏ ကုသိုလ်တော်ဟု ယူဆရသော လိုဏ်ဂူတော်ကိုစနစ်တကျ ဖွင့်လှစ်နိုင်ဖို့ ပြင်ဆင်နေကြလေသည်။

ယင်းအချိန်တွင် မိုးနတ်မင်းသည် မိုးသားတိမ်တိုက်များလျှပ်တပြက် ဝင်းလက်စေကာ မိုးအနည်းငယ် ရွာသွန်းပြီးစေတီတော်ကြီး၌ လုပ်ငန်းဆောင်တာ ဆောင်ရွက်ကြသူများပင်ပန်းနွမ်းနယ်မှုမရှိရအောင် သဘာဝရာသီဥတုဖြင့် အအေးဓာတ် ပေးထားသည်ကို တွေ့ရသည်။ သဘာဝအအေးဓာတ်ကြောင့် လိုဏ်ကို ဖွင့်လှစ်နေကြသည့် တာဝန်ရှိပုဂ္ဂိုလ်များမှာမမောနိုင် မပန်းနိုင်ဘဲ အနော်ရထာမင်းတရား၏ ကုသိုလ်တော်များ ဖူးမြင်ခွင့်ရရှိနိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးစားကာ ကုသိုလ်ယူဖွင့်လှစ်နိုင်ခဲ့ကြလေသည်။

ယင်းသို့ ဖွင့်လှစ်ကြသည့်အခါ မြန်မာနိုင်ငံသားများအတွက် သမိုင်းတန်ဖိုးမဖြတ်နိုင်သည့် ဉာဏ်တော် ၁၀ ပေခန့်ရှိ အင်းဝခေတ် အင်္ဂတေမံဘုရားကြီးနှင့်အတူ ပင်းယ၊ ညောင်ရမ်း၊ အမရပူရ၊ ရတနာပုံ ခေတ် ၄ ခေတ်ပါ ကျောက်သားဆင်းတုတော် ၂၅ ဆူ၊ ကြေးဆင်းတုတော် ၁ ဆူ၊ ချိပ်ဖြင့်ပြုလုပ်ကာ ရွှေ, ငွေ, ကြေး သွန်းအုပ်ပူဇော် ထားသည့် ရွှေ-ငွေ-ကြေးသား ဆင်းတုတော် အဆူ ၁၆၈၊ သဘာဝရာသီဥတု

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ကြောင့် ဆွေးမြေ့ပျက်စီးနေသည့် သစ်သားဆင်းတုတော် ၅ ဆူအပြင် -

ဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်များကို ရရှိပြီးသည့်နောက် ဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် ၇ ရက်ပတ်လုံး ပဋိစ္စသမုပ္ပါဒ်ကို အသွားအပြန် (အနုလုံ-ပဋိလုံ) ဆင်ခြင်တော်မူဟန် = **ပလ္လင်္ကသတ္တာဟ**၊ ဗောဓိပင်မှ ၁၄ လံ အရပ်တွင် မားမားမတ်မတ် ရပ်တော်မူလျက် ဗောဓိပင်ကို မမှိတ်သောမျက်စိဖြင့် ကြည့်ရှုတော်မူဟန် = **အနိမိသသတ္တာဟ**၊ နတ်ဗြဟ္မာတို့ ဖန်ဆင်းထားသည့် အတောင် ၆၀ ရှည်လျားသော ရတနာစင်္ကြံတော်ဝယ် ဖလသမာပတ် ဝင်စားကာ စင်္ကြံလျှောက်တော်မူဟန် = **စင်္ကမသတ္တာဟ**၊ ရတနာဃရ စံအိမ်တော်ဝယ် အဘိဓမ္မာ ၇ ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူဟန် = **ရတနာဃရသတ္တာဟ**၊ ဆိတ်ကျောင်းသားများ နေ့အခါ နားခိုသည့် ဆိတ်ကျောင်းညောင်ပင်ဝယ် ဝိမုတ္တိသုခခေါ် ကိလေသာအပူဘေးမှ လွတ်မြောက်သည့် အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူဟန် = **အဇပါလသတ္တာဟ**၊ ကျီးပင်အနီးဝယ် စံနေတော်မူစဉ် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် အချမ်းအပူဘေးမှ ကင်းဝေးစေရန် မုစလိန္ဒနဂါးမင်းက မိမိ၏ ကိုယ်ဖြင့် ရစ်ခွေကာ ကာကွယ်ပေးထားဟန် = **မုစလိန္ဒသတ္တာဟ**၊ လင်းလွန်းပင်ရင်းဝယ် ဝိမုတ္တိသုခကို ခံစားတော်



မူနေစဉ် တပုဿနှင့် ဘလ္လိကတို့က မုန့်များ ဆက်ကပ်လှူဒါန်းသဖြင့် စတုမဟာရာဇ်နတ်မင်းလေးပါး လှူဒါန်းသည့် သပိတ်တော်ဖြင့် အလှူခံတော်မူဟန် = **ရာဇာယတနသတ္တာဟ**နှင့် ထို (သတ္တသတ္တာဟ = ၇ ရက် × ၇ လီ) ၄၉ ရက် အတွင်း ဘုရားရှင်ထံ ဆည်းကပ်ခဲ့သည့် (ဗြဟ္မာမင်း၊ သိကြားမင်း၊ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်၊ တပုဿ၊ ဘလ္လိက၊ ဟုံဟုံကပုဏ္ဏား၊ နဂါးလုလင်) = ပရိသတ် ၁၀ ပါး၏ ကြေးရုပ်ထုများကို အပျက်အစီးမရှိ အကောင်းပကတိအတိုင်း တွေ့ရှိခဲ့ပေသည်။ (ယခုအခါ ယင်းဌာပနာ ပစ္စည်းများကို စေတီတော်ကြီး၏ အရှေ့ဘက်မှ္ဒာရုံ အတွင်း၌ စနစ်တကျ ပူဇော်ထားသည်ကို ဖူးတွေ့ခဲ့ရသည်။)

ထို့ပြင် ၁၂၉၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်နေ့က သွန်းလုပ်ပူဇော်ခဲ့သည့် မဟာမုနိ ရုပ်ပွားတော်ကြီး၏ပုံတူ ကြေးချိန် ၁၃၅၀ ပိဿာရှိ ရသေ့ကြီးဦးခန္တီ၏ ကောင်းမှုကုသိုလ်တော် ရုပ်ပွားဆင်းတုတော်ကြီး သီတင်းသုံးတော်မူရာ ပလ္လင်တော်ကြီး ခိုင်မာစေဖို့ သံကူကွန်ကရစ်များ လောင်းထည့်နိုင်ရန်အတွက် ရုပ်ပွားတော်ကြီးကို အထက်သို့မြှင့်တင်ဖို့ စီစဉ်ကြရာ မိုးသားတိမ်လိပ်များ မရှိပဲလျက် မိုးနတ်မင်းက မိုးများ ရွာသွန်းပြီး အအေးဓာတ်ပေးကာ စောင့်ရှောက်ကူညီသဖြင့် အလွယ်တကူ မြှင့်တင်ခဲ့ကြ၍ ရုပ်ပွားတော်ကြီး၏ ဝမ်းဗိုက်

www.burmeseclassic.com

www.burmeseclassic.com



တော် အောက်မှ ကြေးသားရုပ်ပွားအချို့ တွေ့ရှိခဲ့ရကြောင်း၊ ကြေးဆင်းတုတော်ကြီး နောက်ကျောကပ်လျက်ရှိ လိုဏ်အတွင်းမှ ရှေးဟောင်းရုပ်ပွားတော်ကြီး ဖူးမြင်ခွင့် ရရှိရေးအတွက် အခိုင်အမာဖြစ်စေရန် အတတ်ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်ကာ သံကူကွန်ရစ်များ လောင်းလှူပူဇော်ခဲ့ကြကြောင်းများကိုလည်း သိရှိဖူးမြင်ခဲ့ရသည်။

ထို့ပြင်မက ရသေ့ကြီးဦးခန္တီ၏ပုံတော် ကြေးရုပ်ထုနှင့် ရသေ့ကြီး သွန်းလုပ်ခဲ့သည့် ကြေးပလ္လင်၊ ကြေးပန်းအိုးများကိုလည်း ဖူးတွေ့ကြည်ညိုခဲ့ရသည်။

သူတော်စင်အပေါင်းတို့ .....

ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး ပြုပြင်ထိန်းသိမ်းရေးအဖွဲ့သည် စေတီတော်ကြီး ပြန်လည်ပြုပြင်နိုင်ရေး၊ လိုဏ်အတွင်းမှ ရှေးမင်းအဆက်ဆက်တို့ ကိုးကွယ်ပူဇော်ခဲ့သည့် ရုပ်ပွားတော်ကြီးကို မြို့သူမြို့သား၊ နယ်သူနယ်သား၊ နိုင်ငံသူနိုင်ငံသားများ ဖူးမြင်ခွင့်ရရှိနိုင်ရေး၊ စေတီတော်ကြီးအား ရွှေထီးတော်အသစ် ပြန်လည်ဆက်ကပ်လှူဒါန်းပူဇော်နိုင်ရေးတို့အတွက် မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အင်ရောင်းမင်းကျောင်းဆရာတော်၊ ကျောက်ဆည်မြို့နယ်သံဃနာယကအဖွဲ့(ဂိုဏ်းပေါင်းစုံ)ဆရာတော်ကြီးများ၏ လမ်းညွှန်မှု၊ ကျောက်ဆည်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သပြေပင်



ဆရာတော် ဘဒ္ဒန္တဉာဏာနန္ဒ၊ အကျိုးတော်ဆောင်ဆရာတော် (ရွှေကျင်) အရှင်ပဏ္ဍိတ၊ ရပ်ကျေးသံဃနာယက ဆရာတော်ကြီးများ၊ နယ်မြေခံ ဆရာတော်ကြီးများ၊ ရပ်မိရပ်ဖများ၊ ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင် တို့၏ အနီးကပ်ကြီးကြပ်မှုကို ရယူကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပေသည်။

စေတီတော်ကြီးနှင့်ပဋ္ဌာန်းဆက်မကင်းကြသည့် ကုသိုလ်ရှင်များအနေဖြင့် စေတီတော်ကြီးပြုပြင်ရေးတွင် ကုသိုလ်ပါဝင်လိုပါလျှင် -

- **ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး**
  (ဖုန်း) ၀၉-၆၅၂၅၁၂၉
- **ဘဒ္ဒန္တဉာဏာနန္ဒ**
  ဥက္ကဋ္ဌဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့၊
  သပြေပင်ကျောင်းတိုက်၊ ကျောက်ဆည်မြို့။
  (ဖုန်း) ၀၉-၂၀၃၀၁၂၄
- **အရှင်ပဏ္ဍိတ**
  အကျိုးတော်ဆောင်၊
  မြို့နယ်သံဃနာယကအဖွဲ့(ရွှေကျင်)
  မဟာဂန္ဓာရုံကျောင်းတိုက်၊ ကျောက်ဆည်မြို့။
  (ဖုန်း) ၀၆၆ - ၅၀၃၄၉၊ ၀၉- ၂၀၁၂၁၂

www.burmeseclassic.com

www.burmeseclassic.com



- ဦးတင်လှိုင်

  ဥက္ကဋ္ဌ၊ ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး ပြုပြင်ထိန်းသိမ်းရေးအဖွဲ့၊ ညောင်ဝန်းကျေးရွာ။

  (ဖုန်း) ၀၉-၂၁၅၁၀၁၁

- ဦးဝင်းညွန့်

  ဥက္ကဋ္ဌ၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ၊ ညောင်ရွှေကျေးရွာ။

  (ဖုံး) ၀၉ - ၆၅၂၅၁၂၈

တို့ထံ ဆက်သွယ်ကာ ကုသိုလ်ပါဝင်နိုင်ကြပါကြောင်း အသိပေး နှိုးဆော်လိုက်ရပေသည်။

မန္တလေးနေ့စဉ် (၁၅၊ ၆၊ ၂၀၀၉)



# အမျက်တော် ပြေစေဖို့

ဆပ်သွားရှင်မှာလေ
ထာဝစဉ် တန်ခိုးတောက်ပါလို့၊
မိုးအောက်မြေ ဇမ္ဗူရပ်တွင်လ
ပွင့်ပေါ်လတ် အထပ်ထပ်ရုပ်ပွား။

ထူးလှသနော် ဦးချကော်ရော်လို့၊
တူပျော်ပျော် နိဗ္ဗာန်ကူးရအောင်
ဖူးကြအများ။

မိမိသည် ညောင်ဝန်းသပြေပင်ဆရာတော်ကြီး၏ တာဝန် ပေးမှုအရ ကျောက်ဆည်မြို့၏အနောက်ဘက် ၅ မိုင်ခန့်အကွာ ညောင်ရွှေကွင်းအတွင်းရှိ ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး ဘက်စုံပြုပြင်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက် နေချိန်တွင် ကျောက်ဆည်မြို့နယ် ဂိုဏ်းပေါင်းစုံသံဃနာယက ဆရာတော်ကြီးများက ၁၃၇၁ ခုနှစ် သီတင်းကျွတ်လပြည့် ကျော် ၅ ရက်နေ့၌ ကျင်းပပြုလုပ်မည့် ဆင်လှူပွဲတော်အမီ

www.burmeseclassic.com

www.burmeseclassic.com



သမိုင်းဝင် ရှင်ပင်ရွှေဆပ်သွားဘုရားကြီး သမိုင်းစာအုပ်ငယ် တစ်အုပ်ကို ဖြစ်နိုင်အောင် စီစဉ်ပေးဖို့ တာဝန်ပေးတော်မူလာကြ၍ မိုး(ကျောက်ဆည်) ကလောင်အမည်ဖြင့် မန္တလေးနေ့စဉ် သတင်းစာတွင် ဖော်ပြပြီး ဆောင်းပါးသုံးပုဒ်ကို စုပေါင်းကာ စာအုပ်ငယ်တစ်အုပ်အဖြစ် စီစဉ်ပေးခဲ့သည်။

ယင်းစာအုပ်ပါ အကြောင်းအရာများကို ဖတ်ရှုကြည်ညိုကြရသည့် ဒေသခံများ၊ မန္တလေး၊ ရန်ကုန်မှ ကျောက်ဆည်ဇာတိ သက်ကြီးဝါကြီး ပုဂ္ဂိုလ်များကသာမက မန္တလေး၊ ရန်ကုန်ဇာတိ သက်ကြီး အဖိုးအဖွားများကပင် "အရှင်ဘုရားရေးတာ ဘုရားကြီးရဲ့မူလကုသိုလ်ရှင်များနဲ့ အဓိကဘုန်းတန်ခိုးတော်များအကြောင်း ကျန်နေသေးတယ်၊ နောက်တစ်ခါ စာအုပ်ထုတ်ရင် အဲဒီအကြောင်းအရာများ စုံလင်အောင် ထည့်ရေးပေးပါ" ဟု တိုက်တွန်းတောင်းဆိုလာကြသည်။

မိမိသည် ယင်းကဲ့သို့ အဖိုးအဖွား၊ မထေရ်ကြီးများ၏ တိုက်တွန်း တောင်းဆိုလာသည့် သြဝါဒစကားတော်များကို အလေးအနက်ထားကာ မှတ်သားခဲ့ပါ၏။ သို့သော် မိမိ၏ တာဝန်ဝတ္တရားများ များပြားနေမှုကြောင့် အကောင်အထည်ဖော်ဆောင်မှုမှာ အထမမြောက်နိုင်ခဲ့ပေ။ အကောင်အထည် မဖော်နိုင်မီ အတွင်းမှာပင် **"သမိုင်းဝင်ရှင်ပင်ရွှေဆပ်သွားဘုရားကြီး"** သမိုင်းစာအုပ်ငယ်မှာ ပထမအကြိမ်ရိုက် အုပ်ရေ



၁၀၀၀ ကုန်သဖြင့် ဒုတိယအကြိမ် အုပ်ရေ ၁၀၀၀၊ တတိယအကြိမ် အုပ်ရေ ၃၀၀၀ ပုံနှိပ်ပေးခဲ့ရပြီး ယခုအခါ စတုတ္ထအကြိမ် ပုံနှိပ်နိုင်ဖို့ ပြင်ဆင်နေရပြီဖြစ်သဖြင့် စတုတ္ထအကြိမ် ပုံနှိပ်သည့်အခါ၌မူ အဖိုးအဖွား၊ မထေရ်ကြီးများ တိုက်တွန်းတောင်းဆို တာဝန်ပေးမှု သြဝါဒစကားတော်များကို မဖြစ်မနေ ထည့်သွင်းဖော်ပြနိုင်စေရန် ရည်ရွယ်၍ ဤ "အမျက်တော်ပြေစေဖို့" ဆောင်းပါးကို ရေးသားတင်ပြရခြင်းပင် ဖြစ်ပေသည်။

ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး၏ မူလကုသိုလ်ရှင်မှာ တတိယသင်္ဂါယနာတင် သီရိဓမ္မာသောကမင်းကြီး ဖြစ်သည်။ သီရိဓမ္မာသောကမင်းကြီး တည်ထားစဉ်က စေတီတော်၏ ဘွဲ့မှာ "မုဋ္ဌောစေတီ" ဖြစ်သည်။ သီရိဓမ္မာသောကမင်းကြီးသည် တတိယသင်္ဂါယနာတင် မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်၏ သြဝါဒတော်ကို ခံယူ၍ ပထမသင်္ဂါယနာတင် အရှင်မဟာကဿပ မထေရ်မြတ်နှင့် အဇာတသတ်မင်းတရားတို့ ပေါင်းစုပူဇော်ထားခဲ့သည့် မဟာစေတီတော်ကြီး အတွင်းမှ ဌာပနာတော်များကို ထုတ်ယူကာ ဇမ္ဗူဒိပ်ကျွန်းသူကျွန်းသားများ ကုသိုလ်ပွားစေဖို့ "မုဋ္ဌောစေတီ" ရှစ်သောင်းလေးထောင် တည်ထားပူဇော်ခဲ့ပေသည်။

ယင်းသို့ "မုဋ္ဌောစေတီ" ရှစ်သောင်းလေးထောင် တည်ထား ပူဇော်ခဲ့ကြောင်းကို တောင်ငူဘုရင် ရတုစာဆို

www.burmeseclassic.com



နတ်သျှင်နောင်မင်းတရားက--

"တစ်သောင်းရှစ်ပြန်၊ လေးထောင်လွန်သား၊
ယုဂန်လှည့်သွား၊ လရထားနှင့်၊ နတ်သားနီးကြ၊
သောကာလဝယ်၊ သောကမ္မော၊ ဥပနာသား၊
သစ္စာဉာဏ်ပေါင်း၊ မရှုတောင်းသည်.. ညီနှောင်း
နှောင်စော၊ မြတ်မုဋ္ဌော။

တစ်သောင်းရှစ်မည်၊ လေးထောင်တည်ကို၊
ရစ်လည်လှည့်ပတ်၊ လပြာသာဒ်နှင့်၊ ရန်နတ်နီး
ခိုက်၊ သောစဉ်ကြိုက်ဝယ်၊ ထိန့်ရိုက်သပြေ၊
အာဏာမွေသား၊ သရေဓမ္မ၊ သောကရွှေမှောက်၊
တည်ခဲ့မြောက်သည်... "

ဟူ၍ ရေးသားကာ "သီရိဓမ္မာသောကမင်းကြီးသည် မုဋ္ဌောစေတီ ရှစ်သောင်းလေးထောင်ကို လမင်းသည် ရန်သူ ရာဟုအသူရိန်နတ်မင်း ဖမ်းယူ ဖုံးအုပ်ခြင်းမှ လွတ်မြောက်စအချိန်၊ လမင်းနှင့် အသူရိန်နတ်မင်းတို့ မဝေးသေးမီ အချိန်တွင် တပြိုင်တည်း တည်ထားပူဇော်ခဲ့ကြောင်း" မှတ်တမ်းတင်ခဲ့ပေသည်။

သီရိဓမ္မာသောကမင်းကြီးသည် မုဋ္ဌောစေတီတော်များသာမက စေတီတော်များနှင့်အတူ ရေတွင်း၊ ရေကန်၊ သိမ်ကျောင်း၊ အာရာမ်များကိုပါ လှူဒါန်းပူဇော်ခဲ့ပေသည်။ ညောင်ရွှေကွင်းအတွင်း တည်ထားပူဇော်ခဲ့သည့် မူလ "မုဋ္ဌောစေတီ"၏ အခြံအရံ သီရိဓမ္မာသောကမင်းကြီး၏ ကုသိုလ်တော် ရေတွင်း၊ ရေကန်များကို စေတီတော်ကြီး အရှေ့ဘက်စောင်းတန်းဝဲယာတွင် ယခုတိုင် လေ့လာကြည့်ရှုနိုင်ပေသည်။ သိမ်ကျောင်းတော်မှုကား သင်္ခါရတို့၏ သဘာဝကို မလွန်ဆန်နိုင်သဖြင့် ပြိုကျပျက်စီးခဲ့လေပြီ။ (ယခုအခါ ယင်းသိမ်ကျောင်းတော်နေရာ၌ ကျောက်ဆည်မြို့ အောက်ချိုင်းရပ်ဒေါ်ခင်စိန် (သီဟရာဇာစတိုး) မိသားစုများ၏ ကုသိုလ်ဖြင့် သိမ်ကျောင်းဆောင်အသစ် ဆောက်လုပ်နေပြီ ဖြစ်သည်။)



ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်တော်မူသည့် အနော်ရထာမင်းတရားသည် သီရိဓမ္မာသောကမင်းကြီး၏ ယင်းမုဋ္ဌောစေတီတော်ကို ငုံကာ "ဆပ်သွားစေတီ" တည်ထားပူဇော်ခဲ့လေသည်။ ဆပ်သွားစေတီ ဘွဲ့တော် တွင်မည်ရခြင်း၏ အကြောင်းကို အနော်ရထာမင်းတရားကြီး စေတီတည်ထားပူဇော်ခါနီးဝယ် အမည်မသိ အဖိုးအဖွား သူတော်စင်နှစ်ဦးတို့က ဆပ်သွားနှစ်ဖူး ဆက်သလာခြင်းကြောင့် "ဆပ်သွားစေတီ" ဘွဲ့တော်ချီရသည်ဟု ပြောရိုးစဉ်လာ ရှိသကဲ့သို့ စေတီတော်အတွင်း ဌာပနာသွင်းနိုင်ရန် ဘုရားရှင်၏ ဓာတ်တော်များကို ပင့်ဆောင်ကြသည့်အခါ ဓာတ်တော်များသည် ဆပ်သွားဖူးသဏ္ဌာန် ပုံပေါ်လာပြီး ဖူးမြင်လာကြသူများကိုလည်း ဆပ်သွားဖူး ရနံ့များ သင်းပျံ့ မွှေးကြိုင်စေခဲ့သဖြင့် "ဆပ်သွားစေတီ"

www.burmeseclassic.com



ဘွဲ့အမည်တော်ရရှိကြောင်း ကျောက်ဆည်မြို့နယ် အနောက်-ရွာနန်းရွာ ဦးသန်းမြင့် မှတ်တမ်းတင်ထားသည့် ဗလာစာအုပ်ငယ်တွင် ဖတ်ရှုကြည့်ညိုရဖူးသည်။

အနော်ရထာမင်း တည်ထားခဲ့သည့် ဆပ်သွားစေတီတော်ကြီးမှာ မုခ်လေးမုခ် ရှိကြောင်းနှင့် ယင်းစေတီတော်ကို အုတ်စေတီနှစ်ထပ် ကျောက်စေတီနှစ်ထပ် ငုံ၍ထားကြောင်း၊ အုတ်သားစေတီ ကုသိုလ်ရှင်များမှာ ပုဂံခေတ်နှောင်း ဘုရင်တစ်ပါးနှင့် အင်းဝဘုရင် ကျော်စွာမင်းတို့ ဖြစ်ကြောင်း၊ ကျောက်သားစေတီကိုမူ ၁၂၆၃ ခုနှစ်က ဂိုဏ်းထောက်ဆရာတော်ဦးဖိုးနဲ ဦးဆောင်၍ နယ်သူနယ်သားများကုသိုလ်ဖြင့် တစ်ထပ်၊ ၁၂၉၃ ခုနှစ်က ရသေ့ကြီးဦးခန္တီ ဦးဆောင်၍ နယ်သူနယ်သားများ ကုသိုလ်ဖြင့် တစ်ထပ် တည်ထားပူဇော်ခဲ့ကြကြောင်း သိရသည်။

ယခုအခါ သမိုင်းဝင် ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး ပြုပြင် ထိန်းသိမ်းရေးအဖွဲ့သည် စေတီတော်ကြီး၏ တိမ်မြုပ်ပျောက်ကွယ်နေသည့် တောင်ဘက်မုခ်ကို မန္တလေးမြို့နေ ဗိုလ်မှူးသက်ဦး+ဒေါ်စောလှမူ၊ (သမီး) မြဟေမာန်သက်ဦး (ခ) မူမြင့်မြတ်ခင်၊ (သား) အောင်ပါစေသက်ဦး မိသားစုတို့၏ ကုသိုလ်ဖြင့်လည်းကောင်း၊အနောက်ဘက်မုခ်ကို ကျောက်ဆည်မြို့နယ် ညောင်ရွှေရွာနေ ဦးမြိုင်+ဒေါ်လှကြင် မိသားစုတို့၏ ကုသိုလ်ဖြင့်လည်းကောင်း၊ မြောက်ဘက်မုခ်ကို ပြင်ဦးလွင်မြို့ ဦးဇော်မင်းဦး+ဒေါ်မိမိထွေး (သမီး) မမိုးပွင့်ဦး၊ မစပယ်ဦး၊ (သား) မောင်ဖြိုးသန့်ကို "ဇော်မင်းဦး ရွှေဆိုင်" မိသားစုတို့၏ ကုသိုလ်ဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်နေကြပြီ ဖြစ်ပေသည်။



အုတ်သားစေတီများ၏ ပန္နယ်အဆင့်ဆင့်နှင့် ထီးတော်များကို မဖူးမြင်ကြရသေးသော်လည်း ပုဂံ၊ မြင်စိုင်း၊ ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင် မင်းအဆက်ဆက်တို့ တည်ထားပူဇော်ခဲ့သည့် အထပ်ထပ်သော ရုပ်ပွားတော်ကြီးများကို ရသေ့ကြီးဦးခန္တီ သွန်းလုပ်ပူဇော်ခဲ့သည့် ကြေးသွန်းရုပ်ပွားတော်အောက်ခြေရှိ ပလ္လင်တော် လိုဏ်အတွင်းမှ ဝင်ရောက်လေ့လာ ကြည့်ညိုနိုင်ကြပြီ ဖြစ်ပေသည်။ အမျိုးသမီးများပါ လေ့လာကြည့်ညိုနိုင်စေဖို့ အထူးအလေးထားသည့် ညောင်ဝန်းသပြေပင်ဆရာတော်ကြီး၏ ကြီးမားသော ဆန္ဒတော်ကြောင့် ထိုကဲ့သို့ စီမံထားကြခြင်း ဖြစ်သည်။ အထပ်ထပ်သော ရုပ်ပွားတော်များကို ပူဇော်ကြရသည့် မင်းကောင်း မင်းမြတ်များ၊ သူတော်စင်ပုဂ္ဂိုလ်ကြီးများသည် စေတီရုပ်ပွားတော်ကြီးများကို အဆင့်ဆင့် မြင့်တင်ကြရသည့် ကောင်းမှုကုသိုလ် ပါရမီများကြောင့် မိမိတို့အတွက် ဘုန်းတန်ခိုး အာဏာ ကံဇာတာ စန်းလက်များလည်း မြင့်မားခဲ့ကြကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုမျက်မြင် ဖူးမြင်နေကြရသည့် ကျောက်သားစေတီတော်ကြီးကမူ ၁၂၉၃ ခုနှစ်က ရသေ့ကြီးဦးခန္တီ ဦးဆောင်တည်ထား ပူဇော်ခဲ့သည့် စေတီတော်ကြီးပင် ဖြစ်သည်။ ဆရာတော်ဦးဖိနု တည်ထားပူဇော်ခဲ့သည့် ကျောက်သားစေတီတော်ကြီး၏ ပထမပစ္စယံနှင့် ကျောက်သားပလ္လင်တော်ကို မကြာမီက ဖွင့်လှစ်ထားသည့် စေတီတော်ကြီး၏ အနောက်ဘက် အဓိဋ္ဌာန်မုခ်ဦးအတွင်း လေ့လာကြည့်ရှုနိုင်သကဲ့သို့ ယင်း ကျောက်သားစေတီတော်ကြီး၏ ထီးတော်မြတ်ကိုလည်း စေတီတော်ကြီး၏ ခေါင်းလောင်းအခြေဝယ် အရှေ့တောင်ထောင့်ရှိ အပေါက်ငယ် အတွင်းမှ ရဟန်း၊ သာမဏေနှင့် အမျိုးသားများ တက်ရောက်၍ ဖူးမျှော်ကြည့်ရှုခွင့် ရရှိနေပြီဖြစ်သည်။

စေတီတော်ကြီး၏ အနောက်မြောက်ထောင့်တွင် စေတီတော်ကြီး၏ ကုသိုလ်ရှင် အနော်ရထာမင်းတရားနှင့် မိဖုရားခေါင်ကြီး စောမွန်လှတို့၏ ကိုယ်ပွားရုပ်ထုများအပြင် ဆံတော်ရှင်းမယ်ဖော့နှင့် မောင်ကြီးမောင်ပင်တို့ စံမြန်းရာ စံနန်းဆောင်ရှိသည်။ ဆံတော်ရှင်းမယ်ဖော့နှင့် မောင်ကြီးမောင်ပင်တို့မှာ အနော်ရထာ၏ အလုပ်အကျွေးများ ဖြစ်သည်။ မင်းတရားက မျက်မာန်တော်ရှ၍ မကြည်ဖြူဖြစ်နေသည့်အခါ ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီးတွင် အဓိဋ္ဌာန်ဝင် ဆုတောင်း



ကြရာ မင်းတရားကြီး အမျက်တော်ပြေပျောက်သဖြင့် ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး၏ကုသိုလ်တော် ပြန့်နှံ့ရာ ရွာကြီး ၁၁ ရွာကို အပိုင်စားပေးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ အမျက်တော် ပြေပျောက်သည်မှစ၍ ခေတ်အဆက်ဆက် ပုဂ္ဂိုလ်များသည် အရိုးမျက်လျှင်လည်းကောင်း၊ မိမိတို့၏ အထက်ထက် လူကြီးသူမများ၏ အမျက်ရှမှု မတရားနှိပ်ကွပ်မှုများ ခံစားကြရလျှင်လည်းကောင်း ထိုအနိဋ္ဌ ဆိုးကျိုးများ ပြေပျောက်စေရန် သမိုင်းဝင်ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီးသို့ လာရောက်၍ အဓိဋ္ဌာန်ပြုကာ ဆုတောင်းကြလေသည်။ အဓိဋ္ဌာန်ပြု ဆုတောင်းကြတိုင်းလည်း အားလုံးသောတောင်းဆုများ ပြည့်စုံအောင်မြင်ကြကြောင်း သိရသည်။

အထူးသဖြင့် အရိုးမျက်သဖြင့် ခံစားရသည့် ဒုက္ခများပပျောက်စေရန် ရှင်ပင်ရွှေဆပ်သွားဘုရားရှိရာသို့ လက်အုပ်ချီကာ ဆုတောင်းကြသူများသည် မျက်သောအရိုးများ ချက်ခြင်းကျ၍ အရိုးမျက်သဖြင့် ခံစားရသည့် ဒုက္ခမှ ချက်ခြင်းလွတ်မြောက်ကြကြောင်းနှင့် အထက်ထက် ပုဂ္ဂိုလ်များကအမျက်တော်ရှ၍ နှိပ်ကွပ်မှုဒဏ် ခံကြရသဖြင့် အမျက်တော်ပြေပျောက်ရန် ဆုတောင်းကြသူများသည်လည်း ထက်မြက်စူးလှသည့် အမျက်တော်များ ပြေပျောက်ကာ ထူးထူးခြားခြားချီးမြှောက် စောင့်ရှောက်မှု ခံစားကြရကြောင်း လက်တွေ့ပြခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရသည့် အဖိုးအဖွား သက်တော်ဝါတော် ကြီးမားသည့် ရဟန်းတော်များအထံမှ နာယူမှတ်သား ကြည်ညိုခဲ့ရပေသည်။

သူတော်စင်အပေါင်းတို့…

သက်တော်ထင်ရှား မြတ်ဘုရား၏ ဘုန်းတော်၊ ကံတော်၊ တန်ခိုးတော်များသည် ပြောပြ၍ မဆုံးနိုင်၊ မကုန်နိုင်အောင် အလွန်များပြားသကဲ့သို့ သမိုင်းဝင် ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး၏ ဘုန်းတော်၊ ကံတော်၊ တန်ခိုးတော်များလည်း ပြောပြ၍ မဆုံးနိုင်၊ မကုန်နိုင်လောက်အောင် အလွန်ပင်များပြားလှသည်ဖြစ်ရာ သူတော်စင်တို့အနေဖြင့် ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ တန်ခိုးတော်အနန္တတို့ဖြင့် အံ့ချီးမကုန်နိုင်သည့် သမိုင်းဝင် ရှင်ပင်ရွှေဆပ်သွားမြတ်ဘုရားကြီးသို့ လာရောက်၍ မိမိတို့ အတွက် လိုအပ်သည့် ကောင်းမြတ်သောတောင်းဆုများဖြင့် အဓိဋ္ဌာန်ပြုနိုင်ကြစေရန် ဤ"အမျက်တော်ပြေစေဖို့" ဆောင်းပါးကို ရေးသားကာ နှီးဆော်တိုက်တွန်းလိုက်ရပေသည်။

သာသနာ့သမိုင်းတွင်, မော်ကွန်းဝင်သား,
ဘုရင်အသောက, မင်းရာဇ၏,
ပုညကုသလ်, အရင်းခံသည့်,
မူလ်မုဋ္ဌော, မြတ်ရှင်စောကို,



မနောမယိဒ္ဓိ, ဘုန်းကံရှိသည့်,
အနိရုဒ္ဓ, မည်နာမဖြင့်,
မြန်မာပြည့်အရှင်, အနော်ရထာဘုရင်က,
ရှင်ပင်ဆပ်သွား, ဘွဲ့တော်ထား၍,
အများပြည်သူ, ကုသိုလ်ယူဖို့,
စင်ဖြူသဒ္ဓါ, ပူဇော်ပါသည်…
သာသနာ့ရောင်ဝါ ကမ္ဘာလွှမ်း။ ။

မန္တလေးနေ့စဉ်(၂၃၊ ၆၊ ၂၀၁၀)

www.burmeseclassic.com

www.burmeseclassic.com



## ရှင်ပင်ရွှေဆပ်သွားစေတီတော်
## ရွှေထီးတော်တင်လှူပူဇော်ပွဲ

လမြတ်ဝါဆို ပုဏ္ဏမီခမို့
သာယာလှပ မြန်မာ့မြေ၊
ဆပ်သွားရှင်ပင် မြတ်ဘုရားက
နယ်သူသားများ ကုသိုလ်ဝေ။

လယ်တွင်းနယ်သူ နယ်သားများတို့
ရွှေဆပ်သွား၏ ဘုန်းရိပ်တွေ၊
နိုလုံ့ကြကာ ဦးဖြင့်တိုက်လို့
ထီးတော်တင်ပွဲ ဆင်နွဲနေ။

ဗိုလ်ချုပ်တင်ခွေ ဦးဆောင်ထား
များပြားရှင်လူတွေ
ကြက်ပျံမကျ အထူးစည်လှ
မင်းနော်ရထာ့ ပေးဝေခဲ့တဲ့ မြန်မာ့ပုံရိပ်ပေ။



လူမျိုးတစ်မျိုး၏ တန်ဖိုးနှင့် ဂုဏ်သိက္ခာကို သမိုင်းနှင့် ယဉ်ကျေးမှုက ဖော်ညွှန်းပြသလျက် ရှိပေသည်။ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ညောင်ရွှေကွင်းအတွင်း၌ တတိယသင်္ဂါယနာတင် သီရိဓမ္မာသောက မင်းတရားကြီး စတင်ပူဇော်၍ အနော်ရထာမင်းတရားနှင့် မြန်မာမင်းများ အဆက်ဆက်၊ ဂိုဏ်းထောက်ဆရာတော် ဦးဇိနေ၊ ရသေ့ကြီး ဦးခန္တီတို့ ပြုပြင်မွမ်းမံ ပူဇော်ခဲ့သည့် သမိုင်းဝင် ရှင်ပင်ရွှေဆပ်သွားဘုရားကြီးသည် ရှေးခေတ် မင်းကောင်းမင်းမြတ်များနှင့် ရှေးခေတ် သူတော်စင်ကြီးများ၏ ဘာသာရေး ကိုးကွယ်ယုံကြည်မှု၊ ကုသိုလ်တရား ပွားများအားထုတ်မှု၊ အနုပညာနှင့် လုံ့လဝီရိယ စွမ်းရည်တို့ကို ဖော်ညွှန်းပြသနေသဖြင့် လယ်တွင်းနယ်သူ နယ်သားများသာမက မြန်မာလူမျိုးအားလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ် ကောင်းမြတ်လှပေသည်။

ယခင်တစ်နှစ်ခန့်မှစ၍ ဂိုဏ်းပေါင်းစုံ သံဃနာယက ဆရာတော်ကြီးများ၏ လမ်းညွှန်ချက်နှင့်အညီ ကျောက်ဆည် မဟာဂန္ဓာရုံ စာချဘုန်းကြီး အရှင်ပဏ္ဍိတက လုံ့လဝီရိယ စိုက်ထုကာ ဦးဆောင်လမ်းညွှန်မှုအပေါ် ဂေါပကအဖွဲ့များ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကုသိုလ်ရှင်များ၊ ပညာရှင်များ၏ ပံ့ပိုးကူညီမှုကြောင့် သမိုင်းဝင် ရှင်ပင် ရွှေဆပ်သွား စေတီတော်မြတ်ကြီး၏ တိမ်မြုပ်ပျောက်ကွယ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည့် ခေတ်အဆက်ဆက်လက်ရာများကို အများပြည်သူများ ဖူးမျှော်ကြည်ညိုခွင့် ရရှိခဲ့သည့်အပြင် စေတီတော်ကြီး ဘက်စုံပြုပြင်ခြင်း လုပ်ငန်းများကိုပါ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့ကြသည်။

သည်မျှမက ၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၉ ရက်နေ့ကမူ ဩဝါဒါစရိယ သောင်ဝန်းသပြေပင်ဆရာတော်၊ သောင်ရွှေရွာဦးကျောင်းဆရာတော်၊ တာဝန်ခံ ကျောက်ဆည် မဟာဂန္ဓာရုံစာချဘုန်းကြီး အရှင်ပဏ္ဍိတ၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်း၊ အတွင်းရေးမှူး ဦးမောင်မောင်နှင့် ကျောက်ဆည်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့သည် ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဂေါပကအဖွဲ့များနှင့် ညှိနှိုင်းတိုင်ပင်ကာ သမိုင်းဝင်စေတီတော်မြတ်ကြီး၏ ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်၊ ပင်မထီးတော်ကြီးနှင့် အရံထီးတော်များ၊ ကြာပန်းခိုင်များကို အသစ်ပြန်လည်ပူဇော်ကြရာ၌ သမိုင်းဝင်စေတီတော်မြတ်ကြီး၏ ဂုဏ်သိက္ခာနှင့် ထိုက်ထိုက်တန်တန်ဖြစ်စေဖို့ အဖွဲ့ငယ် ၁၁ ဖွဲ့ ပါဝင်သည့် ဗဟိုဦးစီးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြသည်။

ယင်းဗဟိုဦးစီးကော်မတီအဖွဲ့သည် ဒုတိယဝါဆိုလဆန်း



၉ ရက်နေ့၌ သမိုင်းဝင်စေတီတော်ကြီး၏ ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်၊ ပင်မထီးတော်ကြီးနှင့်အတူ အရံထီးတော်များ၊ ကြာပန်းခိုင်များ တင်လှူပူဇော်ရာတွင် ဒေသခံပြည်သူများနှင့် စုပေါင်း၍ ပင့်သံဃာတော် ၇၂ ပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းနိုင်ရေး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ထီးတော်တင်ပွဲလာ ဒေသခံနယ်သူနယ်သားများအား ကျွေးမွေးဧည့်ခံနိုင်ရေးနှင့် မြန်မာ့ယဉ်ကျေးမှုတေးဂီတ၊ စင်တင်တေးဂီတတို့ဖြင့် ဧည့်ခံ ဖျော်ဖြေနိုင်ရေး စသည်လုပ်ငန်းတို့ကို အသေးစိတ် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

တာဝန်ရှိသူများသည် ဒုတိယဝါဆိုလဆန်း ၁၂ ရက်နေ့ကပင် စတင်လျက် ရွှေထီးတော်တင်ပန်းရထား ပြင်ဆင်ခြင်း၊ အခမ်းအနားပြင်ဆင်ခြင်း၊ သာသနာ့အောင်လံများ လွှင့်ထူခြင်း၊ ဘုရားဝင်းအတွင်း သန့်ရှင်းခြင်း၊ ရွှေထီးတော်တင် ရုပ်ပုံမဏ္ဍပ်၊ စင်တင်တေးဂီတမဏ္ဍပ်များ ဆောက်လုပ်ခြင်း စသည့် ပရိကမ်လုပ်ငန်းများကို ကြိုတင်ပြင်ဆင်ခဲ့ကြသည်။ ဒုတိယဝါဆိုလဆန်း ၁၄ ရက်နေ့ ညနေခင်းပိုင်းအချိန်တွင် သောင်ရွှေ၊ သောင်ဝန်း၊ သင်ပုတ် စသည့်ရွာများမှ အမျိုးသား အမျိုးသမီးအပေါင်းတို့က စေတီတော်မြတ်ကြီးအား ဆီမီးရေချမ်း သစ်သီးပန်းတို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင် ပဋိသန္ဓေနေတော်မူရာ၊ တောထွက်တော်မူရာ၊ ဓမ္မစကြာတရားဦး ဟောတော်မူရာ၊ မယ်တော်မိနတ် အမှူးရှိသည့် နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရား စတင်ဟောတော်မူရာ ဒုတိယဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ ရောက်ရှိလျှင်မူ နံနက်အရုဏ်ကျင်း လင်းစကပင်လျှင် ကျောက်ဆည် မဟာဂန္ဓာရုံ စာချဘုန်းကြီးလေး အရှင်ပဏ္ဍိတက ရွှေထီးတော်တင်လှူပွဲ ဆင်နွှဲကြမည့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ ဘေးကင်းရန်ကွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလျက် ရွှေထီးတော်တင်လှူပူဇော်ပွဲ၏ ကြည်နူးဖွယ်နံနက်ခင်းကို စတင်ခဲ့လေသည်။

နံနက် ၇ နာရီ ၃၀ မိနစ်ခန့်အချိန်တွင် …

ပင့်သံဃာတော်များ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ဌေး (ဇနီး) ဒေါက်တာဒေါ်ခင်သီတာ ဦးဆောင်သည့် တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့များ၊ ကုသိုလ်ရှင်များ စုံညီစွာ ရောက်ရှိလာကြသည်။ ယင်းချိန်တွင် ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပွဲ ပထမပိုင်း အခမ်းအနားကို စတင်ကျင်းပတော်မူကြသည်။

ရွှေထီးတော်တင် ပထမပိုင်းအခမ်းအနားကို ရှေးဦးစွာ



နမောတဿ မဟာပဏ္ဍာမ ဘုရားရှိခိုးဖြင့် အခမ်းအနား စတင်ဖွင့်လှစ်ခဲ့ကြသည်။ ပြီးမှ နတ်ဗြဟ္မာတို့အား ပင့်ဖိတ်၍ အစောင့်ချထားခြင်း၊ တိုင်းမှူးဗိုလ်ချုပ်တင်ဌေး (ဇနီး) ဒေါက်တာဒေါ်ခင်သီတာ ဦးဆောင်သည့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကုသိုလ်ရှင်များက အင်ရောင်းမင်းကျောင်း ဆရာတော်ကြီးထံ ကိုးပါးသီလဆောက်တည်ကြခြင်း၊ ဆရာတော်သံဃာတော်များ ရွတ်ပွား သရဇ္ဈာယ်သည့် ပရိတ်တရားတော်များ နာယူကြည်ညိုခြင်း၊ ပြုပြင်ရေးအဖွဲ့များကိုယ်စား ဂေါပကဥက္ကဋ္ဌဦးတင်လှိုင်က စေတီတော်ကြီးပြုပြင်ရာတွင် အမှားယွင်းရှိပါက ခွင့်လွှတ်ကြဖို့ သက်ဆိုင်ရာများကို တောင်းပန်ခြင်း၊ ကျောက်ဆည်မဟာဂန္ဓာရုံကျောင်းတိုက် စာချဘုန်းတော်ကြီး အရှင်မာနိတ ရေးသားပူဇော်အပ်သည့် စေတီယပူဇာ ဂါထာတော်များကို ကျောက်ဆည်မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးများ၏ ပဓာနနာယကဆရာတော်ကြီးက ဖတ်ကြားပူဇော်ခြင်း၊ တိုင်းမှူး ဗိုလ်ချုပ်တင်ဌေး (ဇနီး) ဒေါက်တာဒေါ်ခင်သီတာနှင့် ကုသိုလ်ရှင်များက ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ စေတီတော်ပြုပြင်ရေးအဖွဲ့ ပဓာနသြဝါဒါစရိယ ညောင်ဝန်း သပြေပင်ဆရာတော်ကြီး အထံမှ အနုမောဒနာတရား နာယူ၍ ရေစက်သွန်းချ အမျှပေး

www.burmeseclassic.com



ဝေခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ပူဇော်ကြသည်။

ပထမပိုင်း အခမ်းအနားအပြီးတွင် ဒုတိယအခမ်းအနားအဖြစ် နယ်သူနယ်သားများက ပင်မထီးတော်ကြီး၏ ဘုံအဆင့်ဆင့်နှင့် ဆပ်သွားဖူးတော်၊ ဗွန်းငါးပွင့်တို့ကို မင်္ဂလာပန်းရထားဖြင့် စေတီတော်ကြီး၏အထွဋ်သို့ တင်လှူပူဇော်ကြသည်။ ယင်းအချိန်တွင် နိုင်ငံကျော်တေးသံရှင် ဝင်းဝင်းအောင်၊ စန္ဒယားငြိမ်းချမ်းနှင့် မြန်မာ့ယဉ်ကျေးမှု တေးဂီတအဖွဲ့က ကျောက်ဆည်မဟာဂန္ဓာရုံ စာချဘုန်းကြီး အရှင်ပဏ္ဍိတ ရေးသားပူဇော်သည့် ရွှေထီးတော်တင် ကောင်းကင်ကြိုးကို သီဆိုပူဇော်ကာ ကုသိုလ်ယူကြလေသည်။

ပင်မထီးတော်များနှင့် ဆပ်သွားဖူးတော်၊ ဗွန်းငါးပွင့်တင်လှူအပြီးတွင် တိုင်းမှူးဗိုလ်ချုပ်တင်ငွေ (ဇနီး) ဒေါက်တာဒေါ်ခင်သီတာတို့က ရတနာစိန်ဖူးတော်မြတ်ကို ပင့်ဆောင်လျက်လည်းကောင်း၊ ကုသိုလ်ရှင်များက ရတနာငှက်မြတ်နားတော်ကို ပင့်ဆောင်လျက်လည်းကောင်း၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုသိုလ်ရှင်များ၊ ဒေသခံပြည်သူများက လက်အုပ်ကိုယ်စီ ချီမြှောက်ကာ ခြံရံလိုက်ပါလျက်လည်းကောင်း စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး ရွှေထီးတော်တင် ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ပူဇော်ခဲ့ကြလေသည်။

ယင်းအချိန်တွင် မြန်မာ့ယဉ်ကျေးမှု တေးဂီတအဖွဲ့က



ကျောက်ဆည် မဟာဂန္ဓာရုံ စာချဘုန်းကြီး အရှင်ပဏ္ဍိတ ရေးသားပူဇော်သည့် အနော်ရထာမင်းတရား၏ ကောင်းမှုကုသိုလ်တော်များ မော်ကွန်းတေးထပ်နှင့် သမိုင်းဝင် ရှင်ပင်ရွှေဆပ်သွားစေတီတော်မြတ်ကြီး၏ ဘုန်းတော်ဘွဲ့လူးတားများကို သီဆိုပူဇော်ကြသည်။

မင်္ဂလာအချိန်ရောက်ရှိလျှင်မူ ကျောက်ဆည်မဟာဂန္ဓာရုံ စာချဘုန်းကြီး အရှင်ပဏ္ဍိတ ရေးသားပူဇော်သည့် ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်တင် အခါတော်ကြား ဇယမင်္ဂလာ သြဘာစာတမ်းကို ကျောက်ဆည်မဟာဂန္ဓာရုံကျောင်းတိုက်ကြီးများ၏ ပဓာနနာယက ဆရာတော်ကြီးက ဖတ်ကြားပူဇော်ကာ အခါတော်ကြား၍ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ (ဇနီး) ဒေါက်တာဒေါ်ခင်သီတာနှင့် တာဝန်ရှိသူများ၊ ကုသိုလ်ရှင်များ၊ ဒေသခံပြည်သူများက မင်္ဂလာပန်းရထားကြိုးကိုင်ဆွဲကာ ရတနာငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များကို စေတီတော်မြတ်ကြီး၏ အထွဋ်သို့ တင်လှူပူဇော်ကြသည်။

ရွှေထီးတော်တင်လှူပူဇော်အပြီးတွင် သံဃာတော်များက ဗုဒ္ဓါဘိသေက ဘုရားအနေဇာ တင်တော်မူကြ၍ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ (ဇနီး) ဒေါက်တာဒေါ်ခင်သီတာနှင့် တာဝန်ရှိသူများ၊ ကုသိုလ်ရှင်များက ရွှေမိုးငွေမိုးများ ရွာသွန်းခြင်း၊ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု ၃ ကြိမ်ရွတ်ဆိုခြင်း စသည့်လုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



များကို စနစ်တကျ ဆောင်ရွက်လျက် ရွှေထီးတော်တင် ဒုတိယပိုင်းအခမ်းအနား ရုပ်သိမ်းတော်မူကြကာ အရာခံဗိုလ် အောင်ဆန်းဝင်း+ဒေါ်အေးရီ (သမီး) မဝတ်ရည်ရွှန်းလဲ့အောင်၊ မသန္တာထက်၊ (သား) မောင်ကျော်စိုးသိန်း မိသားစုများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ ဧည့်သည်တော်များအား ဧည့်ခံကျွေးမွေးခြင်း၊ တာဝန်ရှိသူများက ဆန်တင်း တစ်ရာကို စတုဒိသာကျွေးမွေးခြင်း၊ ကေသီဦး ဆင်တော် မင်္ဂလာအဖွဲ့က ကျောက်ဆည်အလှ မြန်မာ့ရိုးရာ ဆင်အကဖြင့် ဧည့်ခံဖျော်ဖြေခြင်းများ ဆောင်ရွက်ပူဇော်ခဲ့ကြသည်။

ထိုမှုမက ရွှေထီးတော်တင်လှူပူဇော်ပွဲ၏ အောင်ပွဲခမ္မ သဘင်များအဖြစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့ ညဉ့်ဦး ပိုင်းတွင် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် နာယက စာချဆရာတော် ဘဒ္ဒန္တဉာဏဝံသကလည်းကောင်း၊ ဒုတိယ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့ ညဉ့်ဦးပိုင်းတွင် မန္တလေးမြို့ မဟာမြိုင်ကျောင်းတိုက် နာယကစာချ ဗဟုဇနဟိတဓရ မဟာ ဓမ္မကထိကဆရာတော် ဘဒ္ဒန္တသာသနက လည်းကောင်း၊ ဒုတိယ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့ ညဉ့်ဦးပိုင်းတွင် မက္ခရာ ရှေးဟောင်းဘုရားများ ပြုပြင်ရေးတာဝန်ခံ၊ ကျောက်ဆည် မဟာဂန္ဓာရုံကျောင်းတိုက်ကြီးများ၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုသလာဘိဝံသကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း



တရားများ ဟောကြားတော်မူကြပြီး ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်နေ့ နံနက်ပိုင်းတွင် အောင်ပွဲ ရောက်လာကြသည့် ရဟန်း-ရှင်-လူ ပရိတ်သတ်တို့အား Dream Lover တေးဂီတ အဖွဲ့နှင့်အတူ နိုင်ငံကျော် တေးသံရှင် **R**ဇာနည်၊ ဇော်ပိုင်၊ စိုးထက်၊ နေဇာကျော်၊ ကျော်ကြီး၊ မီးမီး၊ **Jewell** တို့က ခေတ်ပေါ်တေးဂီတများဖြင့် ဖျော်ဖြေဧည့်ခံကာ သမိုင်းဝင် ရှင်ပင်ရွှေဆပ်သွား စေတီတော်ကြီး၏ ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်၊ ရတနာရွှေထီးတော် တင်လှူပူဇော် ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ခဲ့ကြပေသည်။

မန္တလေးနေ့စဉ်(၁၆၊ ၈၊ ၂၀၁၀)

www.burmeseclassic.com

www.burmeseclassic.com





သမိုင်းဝင်
ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး
ရတနာစိန်ဖူးတော်
ရတနာငှက်မြတ်နားတော်
ရွှေထီးတော်တင်အခမ်းအနား၌
ဖတ်ကြားပူဇော်အပ်သော
ဂါထာ-လင်္ကာ-ကဗျာ-စာတမ်းများ

www.burmeseclassic.com

www.burmeseclassic.com





# အခါတော်ကြားဇယမင်္ဂလာသြဘာစာတမ်း

"ဧယတု သဗ္ဗမင်္ဂလံ"

သဗ္ဗမင်္ဂလံ - လုံးစုံများစွာ, ကျက်သရေမင်္ဂလာ
အဖြာဖြာသည်၊
ဧယတု - ကာယ-ဝစီ, မနောချီလျက်,
သုံးလီစေတနာ, ညီညွတ်ပါသောကြောင့်
အောင်ပါစေသတည်း
အောင်စေသတည်း။

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ, သမေ စိတ္တေ သမံ ဖလံ၊
စေတောပဏိဓိ ဟေတူ ဟိ, သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

**တိဋ္ဌန္တေစာပိ** - သက်တော်ထင်ထင်, တည်ရှိစဉ်ဝယ်, ဖူးမြင်ရငြား, မြတ်ဘုရား၌လည်းကောင်း၊ **နိဗ္ဗုတေစာပိ** - ရွှေပြည်နိဗ္ဗူ, စံတော်မူသည့်, သုံးလူထွဋ်ထား, မြတ်ဘုရား၌လည်းကောင်း၊ **စိတ္တေ** - ဂုဏ်တော်အာရုံ, ကောင်းစွာထုံ၍,

www.burmeseclassic.com

www.burmeseclassic.com



တလုံလဲလဲ, မှီဝဲစွဲသုံး, စိတ်နှလုံးသည်၊ **သမေ** - သဒ္ဓါပညာ, အရာရာဝယ်, မကွာတန်းတူ, ညီမျှမှုကား၊ **သမံ ဖလံ** - အကျိုးပေးဟန်, အတန်တန်လည်း, ဧကန်ညီမျှ, တန်းတူရပေတော့၏၊ **ဟိ (ယသ္မာ)** - ထိုစကားလျှင်, မမှားဧကန်, ယုတ္တိတန်လှပါပေ၏၊ **သတ္တာ** - ယုတ်မြတ်မဟူ, သူငါကစ, သတ္တာ ဟူသမျှတို့သည်၊ **စေတောပဏိဓိဟေတု** - စိတ်နေစိတ်ထား, ကြီးမားဖြူစင်, ကြည်လင်သန့်ရှင်း, အကြောင်းရင်းကြောင့်၊ **သုဂတိ**- လူ့ရပ်နတ်ထံ, စည်းစိမ်စံလျက်, နိဗ္ဗာန်တိုင်ထိ, အကောင်းဆုံးဂတိသို့၊ **ဂစ္ဆန္တိ** - ပါရမီစွမ်းသလောက်, စခန်းပေါက်အောင်, လှမ်းရောက်နိုင်ကြပါသတည်း။

ရာဇာတိရာဇိန္ဒ ဒေဝါတိဒေဝိန္ဒ ဗြဟ္မာတိဗြဟ္မိန္ဒ သုံးလောကဓိပတိ မြတ်မုနိပုင်္ဂဝ ဓမ္မသဗ္ဗညူ သယမ္ဘူ ထွဋ်ထား အတုလမြတ်ဘုရားသည်…

**ကိံ မေ ဧကေန တိဏ္ဏေန,**
**ပုရိသေန ထာမဒဿိနာ၊**
**သဗ္ဗညုတံ ပါပုဏိတွာ,**
**သန္တာရေဿံ သဒေဝကံ။**

ဤစိတ်နေအကြံတော်ကို အဓိဋ္ဌာန်ရှေ့သွား ပြုတော်မူပြီးကာ ဒီပင်္ကရာ ထွဋ်ချာသနင်း မြတ်ဗုဒ္ဓ ခြေတော်ရင်းဝယ် ခပင်းဗိုလ်လူ မကယ်မူဘဲ မြတ်နိဗ္ဗူ သောင်ငူကမ်းတစ်ဖက်သို့



လှမ်းတက်တော်မူနိုင်သည်ကို အမြင်မြဲခိုင် ပိုင်နိုင်စွာသိတော်မူပါလျက် ငဲ့ကွက်ညှာတာ အများသတ္တဝါတို့ နိဗ္ဗာန်ချမ်းသာကို စံစားနိုင်ကြစေရန် ရည်သန်တောင့်တတော်မူလျက်…

**ဗုဒ္ဓေါ ဗောဓေယျံ** = ငါသည်ဦးဖျား လေးပါးသစ္စာ သိခဲ့ပါမူ များပြားဗိုလ်သူ နတ်လူဗြဟ္မာ သတ္တဝါအား သစ္စာလေးထွေ သိမြင်စေအံ့။

**မုတ္တော မောစေယျံ** = အိုနာသေရေး သံသရာဘေးဘျမ်း ဒုက္ခကြမ်းမှ မဂ်လမ်းထွင်ကာ လွတ်ခဲ့ပါမူ အတူမခြား အများသတ္တဝါ လွတ်စေပါအံ့။

**တိဏ္ဏော တာရေယျံ** = သံသရာပင်လယ် မြစ်ပြင်ကျယ်ကို ကိုယ်ဝယ်ဆင်ထား ကျင့်စဉ်အားဖြင့် တရားယူကာ ကူးနိုင်ပါမူ တစ်မူထူးခြား အများသတ္တဝါ လူနတ်ဗြဟ္မာကို ခေမာသောင်ငူ မြတ်နိဗ္ဗူသို့ ငါ့အလား အတူပေ ကူးမြောက်စေအံ့။

ဤစိတ်တော်အကြံ အဓိဋ္ဌာန်မူသုံးရပ် ချမှတ်တော်မူခဲ့သည်ဖြစ်ပါကြောင်း။

ယင်းသို့ အဓိဋ္ဌာန်မူသုံးရပ် ချမှတ်တော်မူပြီးနောက် ရှည်လျားလှစွာ ကမ္ဘာလွန်လေ အသင်္ချေလေးရပ် တစ်သိန်းကာပ်

www.burmeseclassic.com

www.burmeseclassic.com



အချိန်ယူလျက် ဟိန္ဒူဂူများစွာ ဝေနေယျာတို့၏ အကျိုးကို သည်ပိုးရှာဖွေ ပါရမီတော်တွေဆည်းပူး အထူးကျင့်သုံး အပြီး မပျက် အသက်စည်းစိမ်တို့ကို ဝကွက်၍ ဘဝအဆက်ဆက် အရင်းပြုလျက် စွန့်စားမှုအနေ အန္တရာယ်တွေတွေ့မြင် မည်မျှပင် ကြီးကျယ်လှသော်လည်း အနည်းငယ်မျှမဖြို သံမဏိပုံ မာကျောသည့် ခိုင်မြဲသော နှလုံးသားကို ပျော့သွားခြင်း မရှိစေဘဲ ဒေဝ-မနုဿတို့၏ ဒုက္ခကင်းဝေး ကယ်တင်ရေးသုတေသန ကိုယ့်ကိစ္စ ပြီးစီးအောင် အနည်းနည်း-ရှာကြံ အတန်တန်-ဆည်းပူးမှ အထူးသိမြင် ကိုယ်တော်တွင် ရအပ်သည့် ဓမ္မလဒ် အမြုတေ အို-နာ-သေလွတ် ဒုက္ခဝဋ် ငြိမ်းအေးကြောင်း ဖြစ်သော မဇ္ဈိမပဋိပဒါ လေးသစ္စာ တရားအစစ်ဖြင့် ဘုရား ဖြစ်တော်မူခဲ့သည်ဖြစ်ပါကြောင်း။

ယင်းသို့ သစ္စာလေးပါး သိမြင်ထားလျက် တရား ဓမ္မရာဇ် ဘုရားဖြစ်တော်မူပြီးနောက် -

**စရံ ယော ယဒိ ဝါ တိဋ္ဌံ, နိသိန္နော ဥဒ ဝါ သယံ၊**
**နိဗ္ဗာယံ ဓာတုဘာဝေန, ဟိတံ သတ္တာန မာစရေ။**

တရားအဆုံးအမ အနှစ်သာရတွေကို ဖော်ထုတ်မိန့်ခြွေ လေးထွေသော ဣရိယာပုဒ်ဝယ် ရှင်ရောလူပါ နတ်ဗြဟ္မာတို့ အကျိုးမယုတ်စေရန် ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန် ဒေသနာကို သေအချာကျန ဟောပြသွန်သင်တော်မူပြီးကား



သက်တော်အားဖြင့်-ရှစ်ဆယ်၊ ဝါတော်အားဖြင့်-လေးဆယ့်ငါး အရွယ်တော် ကြီးမားတော်မူသဖြင့် ဒုက္ခအပူဘေး ကင်းစင်ဝေး၍ အအေးဓာတ်တည်ရာမှန် မြတ်နိဗ္ဗာန်သောင်ငူ ကမ်းတစ်ဖက်သို့ လှမ်းတက်တော်မူလိုသော် သုံးဖော်သူ ရှင်-လူ အများတို့ ကိုးစားမဲ့အထီးကျန် အကုသလ် မတိုးပွားကြဖို့ အနာဂတံ ရွှေဉာဏ်တော်ကွန်ယက်ကို ဖြန့်ယှက်ကာ သုံးသပ်တော်မူသဖြင့် လေးရပ်သော စေတီတော်တို့ကို ကြည်သဒ္ဓါ ယိုဖိတ်အောင် ရှစ်စိတ်သော ဓာတ်အမွေကို အနှစ်အနေ ကိုးကွယ်ရစ်ကြစေဖို့ အမိန့်ဗျာန် မနောထားလျက် မြတ်ရှင်စော အစိန္တေယျသည် ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့သည်ဖြစ်ပါကြောင်း။

ယင်းသို့ လူမင်းတို့ဆရာ ဗြဟ္မာတို့ ဥက္ကဋ္ဌ နတ်ထက်နတ် သယမ္ဘူသည် သုံးဖော်သူ ရှင်လူအများတို့ ကိုးစားရန် အမိန့်ဗျာန်ထားသည့် ကိုယ်တော်ပွား ဓာတ်အမွေကို--

**ဒွေ မေ ဘိက္ခဝေ ထူပါရဟာ၊ ကတမေ ဒွေ?**
**တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊**
**ရာဇာ စ စက္ကဝတ္တိ။**

ကျမ်းလာရှိသည့် မုနိရှိန်စော် ဒေသနာတော်နှင့် လျော်ညီအောင် ရှစ်ပြည်ထောင်သော မင်းရာဇာတို့က တိုင်းဌာနနေပြည်ဝယ် အသီးအသီး စေတီတည် ကိုးကွယ်ကြသည်ကို ဘုန်းမြတ်ဝေဆာ အဇာတသတ် မဟာရာဇာက သာသနာ့

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင် မဟာကဿပထေရ်အရှင်၏ မိန့်ခွန်းသံဩဝါဒတော်ကို မှတ်သားနာခံယူလျက် ရှစ်ဆူသောစေတီများအတွင်းမှ မူရင်းဌာပနာတော်အထုကို ပေါင်းယူစုစည်းစေပြီးလျှင် ကြီးမားခန့်ထယ် သပ္ပါယ်ရှုမငြီး မြတ်ဘုရား၏ သရီရဓာတ်တော်များ ကိန်းဝပ်ပျော်စံရာ တစ်ဆူတည်းသော မဟာစေတီတော်ကြီးကို ဇမ္ဗူဒိပမဇ္ဈိမဒေသတွင် တည်ထားပူဇော်ခဲ့သည်ဖြစ်ပါကြောင်း။

ယင်းသို့ ပေါင်းစုတည်ရှိသည့် မြတ်မုနိ ဓာတ်အမွေကို ရဟန်းရှင်လူ အထွေထွေ ကိုးကွယ်ကြစေဖို့ တတိယသင်္ဂါယနာတင် မဟာမောဂ္ဂလိပုတ္တတိဿထေရ်အရှင်မြတ်၏ ဩဝါဒစကားတော်ကို ဦးအဖျား ထိပ်မြတ်တွင် အထပ်ထပ် တင်ပြီးကာ သီရိဓမ္မာအသောက မဟာရာဇာက ရှစ်သောင်း လေးထောင်သော ဓမ္မက္ခန်ဒေသနာကို ကြည်ညိုသဒ္ဓါ ထက်သန်စွာဖြင့် ရှစ်သောင်းလေးထောင်သော မုဋ္ဌောစေတီတော်များအပြင် ရေတွင်း ရေကန် သိမ်ကျောင်း အာရာမ်တို့ဖြင့် ဝန်းရံလွှမ်းဖုံး ဇမ္ဗူဒိပ်တစ်ကျွန်းလုံး ပူဇော်ခဲ့သည်ဖြစ်ရာ ရှင်ပင်ရွှေဆပ်သွားမြတ်ဘုရား၏ မူလမြတ်ဖျား မုဋ္ဌောဘုရားနှင့် သိမ်းခြားစီမံ ရေတွင်းရေကန် သိမ်ကျောင်း အာရာမ်တို့မှာလည်း ဓမ္မာသောက မဟာရာဇာ၏ ကုသိုလ်တော်များတွင် အပါအဝင်ဖြစ်ခဲ့ပါကြောင်း။

ယင်းသို့ မုဋ္ဌောစေတီ ပူဇော်တည်ထားရှိသည်ကိုပင် ပထမမြန်မာနိုင်ငံကြီး၏အရှင် အနော်ရထာ ဘုရင်မင်းမြတ်က



နောက်တစ်ထပ် ငုံထားပြီးလျှင် ရှင်ပင်ရွှေဆပ်သွား ဘွဲ့အမည်တော်ထားလျက်လည်းကောင်း၊ မြန်မာပြည့်အရှင် ခေတ်အဆက်ဆက်သော ဘုရင်များနှင့်တကွ မြန်မာ့လူထုအများစု၏ ကိုးစား အားထားရာအကျော် ဆရာတော်ဦးဖိုးနှ အရှင်မြတ်နှင့် သည်းခံမှုအင်အား များပြားစုံလင် ခန္တီရှင်ရသေ့မြတ်တို့က မြင့်မြတ်သည့် ပကတိစိတ်ဓာတ်ဖြင့် ဦးစီးဦးဆောင်ပြု မွမ်းမံ ပူဇော်ခဲ့ကြမှုကြောင့်လည်းကောင်း ရှင်ပင်ရွှေဆပ်သွား မြတ်ဘုရား၏ ဘုန်းဖျားဝေဆာ ကံဇာတာစန်းလင်္ဂသည် ခေတ်အဆက်ဆက်ပင်လျှင် ကြီးကျယ်ခန့်ညား တိုးပွားစည်ပင်လာခဲ့သည်ဖြစ်ပါကြောင်း။

ယင်းသို့ ဘုန်းကံကြီးမား ရှင်ပင်ရွှေဆပ်သွား မြတ်ဘုရား၏ ကြီးမားသော ဘုန်းကံတော်အဟုန်ကို ခိုလှုံကြရသည့် နယ်မြေဒေသခံ ကျောင်းတိုက်ကြီး ဆယ်တိုက်တို့၏ သာမိကံ ပဓာန ဩဝါဒဆရာတော်ကြီးအများစု၏ တိုက်တွန်းတောင်းပန်မှုအရ ကျောက်ဆည်မဟာဂန္ဓာရုံကျောင်းတိုက် အာရာမ်ကြီး သုံးခုတို့၏ ဝန်ဆောင်မှုနာယက ဂဏဝါစကစာချ အရှင်ပဏ္ဍိတက ဦးဆောင်ပဓာနပြုပြီးလျှင် ကြီးငယ်အမှု မလစ်ဟင်းကြစေဖို့ စေတနာ-ပညာ-သဒ္ဓါဓာတ် ပြည့်မတ်ခံ့ခိုင် ဦးတင်လှိုင်နှင့် ဂေါပကအဖွဲ့သားက အများပြည်သူ ဗိုလ်လူထု မြတ်ကောင်းမှု ကုသိုလ်ပါရမီ စုံစုံညီအင်အားဖြည့်လျက် စေတီရပ်ပွား မြတ်များ

www.burmeseclassic.com



ဂုဏ်လျှံ ရေတွင်းရေကန် သိမ်ကျောင်းအာရာမ်နှင့်တကွ ဇရပ်တန်ဆောင်းများပါ မကျန်ရအောင် မွမ်းမံ ပူဇော်ခဲ့ကြပြီးဖြစ်ရာ ယခုအခါဝယ် မြတ်မန္တလာတိုင်းဌာနီ ဓာနည်ပဓာန ဥက္ကဋ္ဌ ဂုဏ်ဝေ မိုလ်ချုပ်တင်ဌေးနှင့် စေတနာသဒ္ဓါ ထိန်ဝေဖြာသည့် ဇနီးအလှ ဒေါက်တာဒေါ်ခင်သီတာ မိသားစုတို့က မြတ်ဗုဒ္ဓ သာသနာ နှစ်ထောင်ငါးရာဝယ် ငါးဆယ်နှင့်သုံးနှစ် အမှန်ပင် ရောက်လစ်မို့ သက္ကရာဇ်ကောဇာ ပြည်ထောင်စု လူ့ဝေါဟာလည်း တစ်ထောင်သုံးရာလွန်လစ် ခုနစ်ဆယ်နှစ်ခုနှစ်ချိန်အခါ မြလေးပန်းမာလာ ရွှေရောင်စုံဖြာလင်းသည့် ဝါဆိုလဆန်းပက္ခ အတွင်း ကြည်နူးဖွယ် သဘင်ကျင်းလျက် ကျားမင်း၏ဘုန်းတေဇာ စန်းလဒ်ပါစုံညီဖြာသည့် နံနက် ၉ နာရီ၊ ၄၅ မိနစ် အချိန်တွင် ရတနာစိန်ဖူးတော်တင်မင်္ဂလာ ချိန်အခါရောက်သည်မို့ အောင်သြဘာစာ အောင်အတိတ်ဖြင့် သာခုသံ အောင်နိမိတ် ဆောင်လျက် ယခုအခါ မြတ်ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး ကို ရတနာစိန်ဖူးတော် တင်လှူပူဇော်ကြရအောင် အောင်ဘိသိက် သွန်းလောင်းကြစေကုန်သတည်း။

(ကျောက်ဆည် မဟာဂန္ဓာရုံကျောင်းတိုက် အရှင်ပဏ္ဍိတ ရေးသား ပူဇော်၍ ကျောက်ဆည်မဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုသလာဘိဝံသ ဖတ်ကြားပူဇော်သည်။)



# စေတီယဂုဏပူဇာဓမ္မဂါထာတော်များ

၁။ ဘုဝနံ ယေ အလင်္ကာရာ, နာနာစိတ္တေဟိ ဘူသိတာ၊
ယေ စ ဗုဒ္ဓံ မမာယန္တိ, သန္တုဋ္ဌာယာယ မဏ္ဍိတာ။

ယေ - လောကတစ်ခွင်, အလှဆင်ဖို့, လူတွင်ဖွားပေါက်, ထိပ်တန်းရောက်လျက်, နောက်နောင်လူများ, အကျိုးများအောင်, ကြိုးစားမြှင့်တင်, အကြင်ပညာရှင်တို့သည်၊

ဘုဝနံ - ရှုလိုက်တိုင်းပင်, စိတ်လန်းရွှင်အောင်, အလှတွင်အယဉ်ဆင့်, ဆန်းတင့်ဝေဆာ, လှရတနာတို့, များစွာစုံလင်, ကမ္ဘာတစ်ခွင်ကို၊

အလင်္ကာရာ (အလင်္ကရောန္တိ) - ဘာသာစရိုက်, လူမျိုးလိုက်အောင်, သိုက်မြိုက်ဘွယ်ရာ, ဆင်းတန်ဆာဖြင့်, သာယာမြူးကြွ, အထူးအလှတို့ဖြင့်, ကျနစွဲစုံ, တန်ဆာဆင်ထားကြကုန်၏၊

တေ - လောကတစ်ခွင်, လှစုံလင်အောင်, ပြင်ဆင်ညွှန်ပြ, ဆရာ့ဆရာထိပ်သည်း, ပညာရှင်ကြီးတို့သည်၊

www.burmeseclassic.com



**နာနာစိတ္တေဟိ** - များပြားရတနာ, ဝတ်တန်ဆာနှင့်, မာလာပန်းစုံ, သုံးမကုန်အောင်, ပန်းရုံဆင့်ဆင့်, ရှုတိုင်းတင့်သည့်, ဆန်းတင့်ပန်းခြံ, ဘုန်းကံကြီးသူ, ထိုသည့်လူတို့, နားယူစံရာ, တိုက်တာဆောက်အုံ, ပတ်ခြံဝန်းရံ, သူ့နိုင်ငံကို, ဘယ်ရန်မတု, ခိုင်မာပြုဖို့, ကြီးထုဆန်းပြား, စွမ်းအားထက်မြက်, လက်နက်များဖျင်, ထို့ပြင်အားထား, ကိုးစားစရာ, နတ်ဒေဝါအား, တန်ဆာမျိုးစုံ, ပသကုန်လျက်, လူ့ဘုံဆန်းကြယ်, အသွယ်သွယ်သော တန်ဆာတို့ဖြင့်၊

**ဘူသိကာ** - အလှတွေဖြိုးဖြိုး, အသရေတိုးလျက်, ဘေးမျိုး ရန်ကွာ, ကျက်သရေဖြာအောင်, တန်ဆာဆင်မှု, မင်္ဂလာပြုကြ လေကုန်၏၊

**ယေစ** - ဘုရားကိုမှီ, တရားတည်လျက်, သာကီအရိယာ, မြတ်သံဃာ၌, လွန်စွာပျူဝပ်, ဆည်းကပ်ကြတောင်း, အကြင်သူတော်ကောင်းတို့သည်ကား၊

ဝါ - ရတနာသုံး, ပုလဲကုံးကို, သီကုံးပန်းသွင်, နေ့တိုင်းဆင်သည်, တော်ဝင်သမုတ်အပ်, အမြတ်ဟုဆို, အကြင်ပုဂ္ဂိုလ်တို့သည်ကား၊

**ဗုဒ္ဓ** - လူရပ်နတ်ထံ, နိဗ္ဗာန်တိုင်ထိ, ရောက်ရှိစေကြောင်း, နည်းလမ်းကောင်းကို, ကောင်းကောင်းသွန်သင်, ဘုရားရှင်ကို၊

**မမာယန္တိ** - မဏိဇောတိရည်, ဥစ္စာမြတ်သို့, မှတ်မှတ်



သားသား, ငါ့ဘုရားဟု, လေးစားမြတ်နိုး, အားကိုးကြလေကုန်၏၊

**တေ** - ဘုရားအမြတ်, ဂုဏ်တော်မှတ်လျက်, ဆည်းကပ်ကြသူ, ထိုသူတို့သည်၊

**သန္တုဋ္ဌာယာယ** - ဘုရားသံဃာ, ရုပ်ပုံလွှာကို, စာလာ ကျမ်းလို, မိန့်အဆိုဖြင့်, အပိုမထည့်, ထပ်တူညီ၍, မျက်စိ စိတ်ပါ, ချမ်းမြေ့လာအောင်, ရောင်ဖြာဆန်းတင့်, ပုံတော်ဖွင့် လျက်, တည်လင့်ကျောင်းတော်, စေတီတော်နှင့်, ဂုဏ်တော် မှန်းစိတ်, ပုံတော်ရိပ်ဖြင့်၊

မဏ္ဍိတာ - ဘုန်းကျက်သရေ, လက်လက်ဝေလျက်, စန်းရေပန်းကြာ, လစန္ဒာသို့, ဝေဆာမောက်ဖြိုး, စည်းစိမ်တိုး အောင်, နည်းမျိုးစုံလင်, ပြင်ဆင်ကြလေကုန်ပြီတကား။

၂။ **ဘူသန္တိ ဧတေသံ ယေဝ, ဗုဒ္ဓါဒီဟိ နမောဒိတာ၊**
**ပူဇိတာ သိရီရာဇေန, ဆပ်သွားတိ စေတိယံ ဣဒံ။**

(ယသ္မာ) - ဆင်မြန်းကြသူ, များဗိုလ်လူတို့, ကြည်ဖြူသောမန, ဓောဗလဝဖြင့်, နေသိဒ္ဓိ, လိုရှိသမျှ, လိုတရ၍, နေ့ညစဉ်လာ, မင်္ဂလာခသောင်း, အကြင်အကြောင်းကြောင့်၊

**ဧတေသံ** - ဘုရားမိန့်ဖော်, တရားတော်ဖြင့်, ထွန်းပေါ် အလှ, ရှုမဝအောင်, နိစ္စပြင်ဆင်, ထိုသူတော်စင်တို့၏၊

www.burmeseclassic.com

www.burmeseclassic.com



**ဘူသန်းဓဝ** - စိတ်မှာစွဲမက်၊ မပစ်ရက်အောင်၊ နှစ်သက်ဖွယ်ရာ၊ အဆင်တန်ဆာကိုသာ၊

**ဗုဒ္ဓါဒီဟိ** - ရွှေရောင်ပဝင်း၊ ပုံတော်ဆင်း၍၊ လွတ်ကင်းကိလေ၊ မာန်ငါးထွေအောင်၊ စိတ်နေသန့်ရှင်း၊ ပြိုင်ကင်းလှဘုရင်၊ ဘုရားရှင်မှ၊ စ၍ဆက်ပွား၊ အရိယာအများတို့သည်၊

**အနုမောဒိတံ** - သုံးဘုံသတ္တဝါ၊ ဝေနေယျာတို့၊ ချမ်းသာပွားမှု၊ အကြောင်းပြုသဖြင့်၊ ကြည့်ရှုဖွယ်ရာ၊ ဆင်တန်ဆာဟု၊ မှန်စွာသာခု၊ ကောင်းချီးပြုအပ်ပါပေပြီ။

(**တသ္မာ**) - ဘုရားအရိယာ၊ သူတော်စွာတို့၊ မှန်စွာမပြတ်၊ ချီးမွမ်းအပ်တုံ၊ ထိုအကြောင်းဂုဏ်ကြောင့်၊

**သိရီရာဇေန** - ကျောင်းပေါင်းစေတီ၊ ရှစ်သောင်းစီနှင့်၊ လေးလီအထောင်၊ ကောင်းမှုဆောင်၍၊ ဘုန်းရောင်ဘဂဝါ၊ သာသနာကို၊ လွန်စွာပင့်ချီ၊ သိရီဓမ္မာ၊ မဟာရာဇာသည်၊

**ဣဒံဆပ်သွားတိစေတိယံ** - မုဋ္ဌောတွင်မည်၊ ဘွဲ့ဂုဏ်ရည်ဖြင့်၊ အတိရှေးခါ၊ ထင်ရှားလာ၍၊ ခုခါနောက်ဖျား၊ ကာလခြားဝယ်၊ ရွှေဆပ်သွားမည်၊ တစ်လီဆန်းတင့်၊ ဘွဲ့ဂုဏ်ဆင့်၍၊ ဖူးချင့်စဖွယ်၊ သပ္ပါယ်မြင့်ဟီး၊ စေတီတော်ကြီးကို၊

**ပူဇိတံ** - သာသနာဖြန့်၊ ကမ္ဘာနှံ့၍၊ တည်တံ့ရှည်ကြာ၊ ဖြစ်စိမ့်ငှာဟု၊ သဒ္ဒါလွှမ်းဖုံး၊ ပြုံးပန်းတဝေဝေ၊ အစိန္တေ အစိန္တေဟု၊ နှုတ်ချွေမြွက်ဖော်၊ ပူဇော်အပ်ခဲ့လေပြီတကား။



၃။ တဘော အနော်ရထာရာဇာ- ဒယောပိ နံ ပုနပ္ပုနံ၊
အလင်္ကာရာ ဘိဝမေန္တိ ၊ ဣဒါနိ ဆတ္တမာရယုံ။

**တဘော** - အချိန်တွေနှောင်း၊ ကာလပြောင်း၍၊ နောက်နှောင်းဘုရင်၊ နှောင်းလူရှင်တို့၊ ဉာဏ်မြင်ဖွင့်ထွား၊ ကျယ်ပွားလာရာ၊ အနာဂတ်အခါ၌၊

**အနော်ရထာရာဇာဒယောပိ** - ဖရိုဖရဲ၊ ပြန့်ကျဲမတည်၊ မြန်မာပြည်ကို၊ ညီညာပေါင်းစု၊ ကောင်းအောင်ပြု၍၊ ကြီးထွားမွမ်းအင်၊ ဆင်မြင်းရထား၊ ခြေလျင်အားဖြင့်၊ လေးပါးအကျော်၊ စစ်သည်တော်တို့၊ ပြည်တော်မြန်မာ့၊ ဝန်းရံကြလျက်၊ ပထမခေါ်မည်၊ မြန်မာပြည်ကို၊ စတည်ဖွင့်လှစ်၊ ဘုန်းသစ်နော်ရထာ၊ မင်းရာဇာမှ၊ ဆက်ကာဆင့်ပွား၊ နောက်မင်းအများတို့သည်လည်း၊

**နံ** - မုဋ္ဌောတွင်မှီ၊ ဘွဲ့သညီဖြင့်၊ ရောင်ခြည်သောင်းထောင်၊ မကဆောင်သား၊ ကိုးတောင်ပြည့်ညီ၊ ထိုစေတီကို၊

**ပုနပ္ပုနံ** - သဒ္ဒါပွားတိုး၊ အမျိုးမျိုးပင်၊ ထပ်ကာပြင်လျက်၊

**ဝါ** - နည်းပညာမြင့်၊ သဒ္ဒါတင့်၍၊ ထပ်ဆင့်ဉာဏ်တော်၊ အဟော်သောမန၊ ဖူးမဝအောင်၊ ကျနတည်လင့်၊ ရောင်တော်ဖွင့်လျက်၊

**အလင်္ကာရာ** - လူတို့တည်ရာ၊ မြေကမ္ဘာ၌၊ ကျင့်ပါနိုင်မှု၊

www.burmeseclassic.com

www.burmeseclassic.com



မြဲသီလနှင့်၊ ပွားထသမာဓိ၊ ပညာရှိလျက်၊ အတိပုညာ၊ နေ့ညပွားတိုး၊ ကုသိုလ်မျိုးဖြင့်၊ သူကျိုးကိုဆောင်၊ ကိုယ်ကျိုးအောင်ဖို့၊ အခေါင်မြတ်စွာ၊ လှတန်ဆာဖြင့်၊ တန်ဆာဆင်ကြကုန်လျက်၊

**အဘိဝံသ** - လူမျိုးဂုဏ်မြင့်၊ နိုင်ငံတင့်အောင်၊ ထပ်ဆင့်ခါခါ၊ တိုးပွားစေကြကုန်၏၊

**ဣန္ဒါနိ** - သတ္တမအကြိမ်၊ ပြုပြင်ချိန်ဝယ်၊ မုနိမြတ်စွာ၊ သားပုတ္တာဟု၊ ဘဒ္ဒန္တညာဏာနန္ဒ၊ သံဃနာယကဥက္ကဋ္ဌဆရာတော်၊ နောင်သော်သာသနာ၊ တည်စိမ့်ငှာဟု၊ ဌာနအလိုက်၊ ကျောင်းသုံးတိုက်၏၊ ဂဏဝါစက၊ စာချတာဝန်၊ တစ်ဖန်ဗုဒ္ဓ၊ မြတ်သံဃ၏၊ ကာလအလျောက်၊ ပေါ်ပေါက်ရောက်တုံ၊ အကုန်ကိစ္စ၊ မလစ်ရအောင်၊ နေ့ညမနား၊ ကိုယ်အားဉာဏ်အား၊ ဓနအားဖြင့်၊ သုံးအားပေါင်းစု၊ ကောင်းမှုပြုရန်၊ အမြင်သန်သည့်၊ အရှင်ပဏ္ဍိတ၊ ပုညသဟာ၊ ဒါယကာကား၊ ဥက္ကဋ္ဌဦးတင်လှိုင်၊ ဒု-ဥက္ကဋ္ဌ ဦးအုန်းလွင်၊ အတွင်းရေးမှူး ဦးမျိုးမြင့်တို့ ထပ်ဆင့်တီထွင်၊ ပြုပြင်ပြီးရာ၊ ယခုအခါ၌၊

**ဆတ္တုံ** - ကိုးသွယ်နဝရတ်၊ ကိုးထပ်သောဘုံ၊ ဆင့်ပုံထူးဆန်း၊ ပန်းအသွယ်သွယ်၊ ခြယ်လှယ်မွန်းမံ၊ ဝေယံထိပ်ဖျား၊ သော်တာလားသို့၊ ငွေသားရောင်ထူး၊ စိန်ဖူးတော်ဆင်၊ ကြည်လင်ရှုမငြီး၊ ရွှေထီးတော်ကြီးကို၊



**မာရယုံ** - အသောကမဟာ၊ နော်ရထာနှင့်၊ ကျော်စွာမင်းလျှင်၊ အရှင်ဖိုနေ၊ မည်နာမကို၊ သိကြကိုယ်စီ၊ ဉူးခန္တီတို့၊ စုံညီလူရှင်၊ ပွဲကြီးယဉ်သို့၊ ပြင်ဆင်ပြီးရာ၊ ယခုခါလည်း၊ ရာဇာမင်းမြတ်၊ သမ္မုနတ်နှင့်၊ လေးရပ်လေးပြင်၊ လူရှင်ပေါင်းစု၊ အောင်ကြောင်းပြုလျက်၊ ထုတိသြဘာ၊ မင်္ဂလာလည်း၊ ပွားကာစည်ပင်၊ ကောင်းချိန်တွင်၌၊ ဉူးတင်ဂါရဝ၊ ပဏာမဖြင့်၊ ကျနပြင်ဆင်၊ တင်လှူကြလေကုန်ပြီတကား။

(ကျောက်ဆည်မဟာဂန္ဓာရုံကျောင်းတိုက် စာချဘုန်းကြီး အရှင်မာနိတ ရေးသားပူဇော်၍ ကျောက်ဆည်မဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုသလာဘိဝံသ ဖတ်ကြားပူဇော်သည်။)

www.burmeseclassic.com

www.burmeseclassic.com



## ရွှေထီးတော်တင်ကောင်းကင်ကြိုး

၁။ စိန္တေ ထိန်ဝေ စိန်ရွှေငွေ ယှက်သန်း ယှက်သန်း၊
မြတ်ဖျားမွေသရိ ထပ်ပွားဝေစီ ဆစ်သွားစေတီ
ရောင်ခြည်ဖြာလျှပ်လျှမ်း။

၂။ ရောင်ခြောက်သွယ် ဖျန်းပါမို့ အိုလေ့လေ့ မြတ်စေတီ၊
ထူးချွင်လှ ဉုးတင်သ ပူးမြင်မဝ ဗုဒ္ဓလင်းရောင်ခြည်။

၃။ အတွင်းမူလ မှဌ္ဍာစေတီ မြတ်ဂုဏ်ရည် ဝင့်ကြွား ဝင့်ကြွား၊
မနောလှအစဉ် သဏ္ဍာမြအသွင် အသောကအရှင်
မင်းမြတ်တည်ထား။

၄။ တွင်း-ကန်-သိမ် ခြံရံလျှမ်းပါလို့ အိုလေ့လေ့ မြတ်ရှင်ပင်၊
အချင်းမူလ နဝင်းယှက်ကြ အဆင်းရူပ မူလမော်ကွန်းဝင်။

၅။ ခေတ်ငါးခေတ် စုံစုံညီ မျိုးသာကီ ဆင့်ပွား ဆင့်ပွား၊
ထက်အညာဂုဏ်ရည် လက်ရာစုံညီ စက္ကဝါတုန့်ဟိ
ဘုန်းသီမြင့်လျက်သား။

၆။ ပူးကြသူ ကုသိုလ်များစေဖို့ အိုလေ့လေ့ ရစ်ပွားရှင်၊
အဆင်းတော်လှ အရှင်းမျှော်က မင်းနော်ရထာ့
မြန်မာ့ကျေးဇူးရှင်။

၇။ ခေတ်အဆက်ဆက် မြန်ပြည်ဘုရင် စန်းလင်္ကြိုဟ်ခွင်
မြင့်မား မြင့်မား၊
မြတ်ဖျားဂုဏ်အင် ထပ်မနားစုံလင် ဆစ်သွားပုံအသွင်
ပူးလျက်ခစား။



၈။ ရောက်လာသူ သဒ္ဒါပွားစေဖို့ အိုလေ့လေ့ ခွန်ရှိရှင်၊
ပူးမျှော်ရ မြူးပျော်လှ ဉုးတော်ချ ဇိနဆစ်သွားရှင်။

၉။ ဘုန်းကံရှင် အလီလီ ပါရမီ ဆင်မြန်း ဆင်မြန်း၊
ခုခါသော် ရှုကာမျှော် ပြုကာပျော် ကောင်းမှုအောင်နန်း။

၁၀။ ဆစ်သွားရှင် အောင်စခန်းပေဖို့ အိုလေ့လေ့ နတ်ပန်းယာဉ်၊
အပေါင်းအမြင်ပ အကောင်းဆင်သ ကောင်းကင်က
မျိုးကြွအောင်ပန်းဆင်။

၁၁။ အောင်နန်းရှင် ဘုန်းရှိန်ဝါ နတ်ပြဟ္မာ ခညောင်း ခညောင်း၊
အမိဗ္ဗာန်ညီ နိဗ္ဗာန်ဆီ စိတ်ကြီးရည် မြွက်ဟဆုတောင်း။

(လေးဆစ်သဖြန့်)

- ဆစ်သွားရှင်မှာလေ ထာဝစဉ် တန်ခိုးတောက်ပါလို့၊
  မိုးအောက်မြေ ဇမ္ဗူရပ်တွင်လ ပွင့်ပေါ်လတ် အထပ်ထပ်ရစ်ပွား။
- ထူးလှသနော် ဉုးချကော်ရော်လို့
  တုပျော်ပျော် နိဗ္ဗာန်ကူးရအောင် ပူးကြအများ။

(ကျောက်ဆည်မဟာဂန္ဓာရုံကျောင်းတိုက် အရှင်ပဏ္ဍိတ ရေးသားပူဇော်၍ နိုင်ငံကျော်တေးသံရှင် ဝင်းဝင်းအောင် သီဆိုပူဇော်သည်။)

www.burmeseclassic.com



# ဂူဏာပူဇာပိုဒ်စုံရတု

၁။ တောင်ကျွန်းဓေယျာ, ပြည်မြန်မာဟု, သညာထွန်းပေါ်, သမိုင်းကျော်သား, ရှင်တော်မြတ်စွာ, သာသနာ၏, ရောင်ဝါနေဝန်း, ဖြာထိန်လင်းသို့, တင့်ထွန်းကျက်သရေ, လက်လက်ဝေသား, ပြန့်ပွားစည်ရာ, သာယာငြိမ်းအေး, မန္တလေးခေါ်, တိုင်းမြတ်ကျော်ဝယ်, တောင်နယ်ဒိသာ, ရွှန်းစိုစွာသား, ဖြာဖြာသီးနှံ, ပေါပြည့်လျှံ၍, ကိုးတန်ဆည်တော်, ရေသော်စားစား, စက်ရုံများတည့်, တည်ထားစေတီ, လီလီဓမ္မာရုံ, ကျောင်းရွှေဘုံနှင့်, ဖုံဖုံတိုက်တာ, စည်ကားစွာသား, နော်ရထာမင်းမြတ်, ကျောက်ထပ်ထပ်ကို, ဆည်လတ်ပြီးခါ, ဆည်ဖို့ပါ၍, ခေါ်ရာကျောက်ဆည်, ရွှန်းရွှန်းလည်သား, ဝင့်ကြွားသာသနာ, ထွန်းတောက်ရာတည့်, မြန်မာအစ, ကျောက်ဆည်ကဟု, ဆိုကြပေရာ, သမိုင်းသာသား, ကိုးဖြာရွှေဂူ, ကိုးဆူမုဋ္ဌော, အံ့သြဖွယ်ရာ, ကိုးဖြာဆပ်သွား, တည်ကာထား၍, နယ်သားနယ်သူ, သူမတူအောင်, ပူဇော်ကြီးစွာ, နှစ်စဉ်သာတည့်, စေတနာထွက်မော်, ကုသိုလ်တော်ကို, ရှင်ပျော်တူညီ, နိဗ္ဗူရည်ကာ, ယူကြပါသည်··· ဓေယျာတောင်ကျွန်း ထွန်းပြီဘုရား။



၂။ ပြောင်ရွှန်းတေဇာ, ဂုဏ်ရောင်ဖြာသား, မဟာနိရုဒ္ဓါ, မည်ထူးသာသည့်, ရာဇနော်ရထာ, မင်းမြတ်စွာကား, သာသနာပြုမည်, စိတ်တော်ရည်၍, ကျောက်ဆည်မြို့နောက်, ငါးမိုင်လောက်ဝယ်, ထွန်းတောက်တေဇာ, ဘုန်းရောင်ဖြာသား, ရဟန္တာထေရ်မွန်, ရှင်အရဟံ၏, မြွက်သံစကား, ဦးထိပ်ထားကာ, ဆပ်သွားမဟာ, မည်ထူးသာငြား, မြတ်ဘုရားစေတီ, မွေသရီကို, တည်ထားပြီးကာ, မဟာဝတ္ထုက, ဇကငါးရာ, မြေလှူကာဖြင့်, ဖြာဖြာကုသလ, ဖြန့်ဝေကြရာ, မြတ်ဒေသာကို, သဒ္ဓါရွှင်ပြ, ဆင်မတစ်ဟဲ, မှတ်ယူစွဲဟု, အမြဲသတ်မှတ်, မိန့်တော်မြွက်ကာ, စီးလာဆင်မ, ဝပ်ထနေရာ, ညောင်ဝပ် (ယခုညောင်ဝန်း)ရွာနှင့်, ရွှေ့ထနေရာ, ညောင်ရွှေရွာဟု, နှစ်ထွေရွာမြတ်, တည်ထားလတ်ကာ, နယ်မှာကျော်ကြား, ရွှေဆပ်သွားကို, စည်ကားသဘင်, ပွဲကြီးယဉ်၍, နှစ်စဉ်ပူဇော်, ယခုသော်တည့်, သူတော်စင်နှစ်ဦး, သဒ္ဓါထူးဖြင့်, ကြည်နူးကပ်ငြား, ဖူးဆပ်သွားကို, ရည်ငြားဘွဲ့သ, နာမထင်ရှား, ရွှေဆပ်သွားဟု, ကြီးမားဘုန်းတော်, နယ်လုံးကျော်၍, ထင်ပေါ်အင်းဝ, ပင်းယ-ညောင်ရမ်း, တက်ထွန်းကုန်းဘောင်, ဘုန်းခေါင်ရာဇာ, အဖြာဖြာတို့, သာသနာပြု, မွမ်းမံမှုနှင့်, ဆင့်ပြုဉာဏ်တော်, ခွန်ငါးကျော်စွာ, ဆောင်လှူပါသည်··· တေဇာပြောင်ရွှန်း ဝင်းပြီဘုရား။

www.burmeseclassic.com



၃။ အောင်နန်းခေမာ၊ လျှင်မြန်စွာဖြင့်၊ ရောက်ပါစေသား၊ စိတ်ရည်ထား၍၊ ဆရာဘုရားဂိုဏ်းထောက်၊ ဘုန်းရောင်တောက်ကြွ၊ ဦးဓိနနှင့်၊ တစ်ဝဦးကျော်၊ ဖိုးတင်ခေါ်မှတ်၊ ထွတ်မြတ်ဦးလူကြီး၊ ဦးစီးပြုကာ၊ စေတနာရှင်များ၊ နယ်သူသားတို့၊ ကျောက်သားစေတီ၊ ပြုပြင်တည်၍၊ ဦးခန္တီနှင့်၊ ကျောက်ဆည်စက်ပိုင်၊ ဂုဏ်ပေါင်းမြိုင်လျှမ်း၊ ဦးသက်ထွန်းတည့်၊ ညောင်ဝန်း-ကြက်လျှာ၊ သင်ပုတ်ရွာနှင့်၊ တစ်ဖြာညောင်ရွှေ၊ လေးထွေသူကြီး၊ ဦးစီးတက်ကြွ၊ ရပ်မိဖတို့၊ ထက်လှသဒ္ဓါ၊ မဟာမုနိ၊ သွင်းလောင်းဘိကာ၊ ပူဇော်ပါကြ၊ တစ်ဝထီးတော်၊ တင်ပူဇော်၍၊ ပွဲတော်ကျင်းပ၊ ချိမ့်ညံစွတည့်၊ ကာလရှည်ကြာ၊ ဓမ္မတာအနိစ္စ၊ ပျက်စီးကြ၍၊ သံဃထေရ်မဟာ၊ အဖြာဖြာတို့၊ ဩဝါဒံုးမ၊ ခံယူကြကာ၊ မြတ်သံဃာနှင့်၊ စေတနာဗလဝ၊ ဖြူဝင်းကြွသည့်၊ သာသနာ့ဒါယကာ၊ တကာ-တကာမ၊ ပေါင်းစုကြပြန်၊ မွမ်းမံဘက်စုံ၊ ကုသိုလ်လှုံကာ၊ ထီးတင်ပါသည်··· ခေမာအောင်နန်းယွန်းမည်ဘုရား။

(ကျောက်ဆည်မြို့ ရွှေစေတီကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တဓမ္မပါလာဘိဝံသ ရေးသား ပူဇော်ပါသည်။)



## ရှစ်ဆယ်ပေါ် ဓမ္မတေးထပ်

ဗုဒ္ဓဓာတ်တော် စံရာအရပ်
လျှံဖြာအမြတ် ဒို့ဌာနာ
ရုံခါမလပ် မချို့သဒ္ဓါပါ
ပို့ကဗျာစာ မော်ကွန်းတင်လို့ထူး။
ရွှေဆည်မြို့ ရပ်မြေမဟာမှာ
အမြတ်ပဒေသာ တင့်ဆန်းဖြာလို့မြူး။
သာသနာ့အတွက် အားတက်စရာပါ
တရားဖက်မကွာ အကျင့်ထူး။
အများထက်အသာ တဆင့်ကျူးပါတဲ့
မြင့်အမှုထီးတော်
ဘာသာရေးအရာ သဒ္ဓါပွားသစ်ပေမို့
ဘဂဝါဘုရား အဆင့်ဆင့်ပွင့်ပေါ်
ရပ်ပွားဆင်းတု ပုံတော်မဟာကို
ဂုဏ်မျှော်ကာ ဖူးမျှော်ကြပါလို့
ဦးတော်ချ မပြတ်အခါခါ
အမြတ်သဒ္ဓါ
အရပ်တကာက ပူဇော်ပါသည် ···

www.burmeseclassic.com

www.burmeseclassic.com



တူပျော်စွာ ရွှင်လန်းဖြာလို့လေး။
မြတ်ရွှေဆပ်သွား မြတ်ဘုရားဂုဏ်မျှော်
မပြတ်ပွားပုံဖော် ရှိခိုးပါလို့လေး။
ထီးတော်တင်ပွဲ ဆင်နွှဲပူဇော်
ဘဝင်စွဲ ဇမ္ဗူကျော် ချိမ့်သဲညံလို့လေး။ ။

(ကျောက်ဆည်မြို့ မယ်ဇယ်ပင် ပညာလင်္ကာရ ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အရှင်ပညာသာမိ M.A (Buddhism) ရေးသားပူဇော်ပါသည်။)

## ဘုန်းတော်ဘွဲ့လူးတား

- တောဓာဝေဖြာ ရှည်ကြာတင့် ရွှေဝါရောင်ဖြင့် လွှမ်းသည့်နယ်၊
- မြစ်ချောင်းမြောင်းတို့ မှုန်းသခြယ်သည် မြင့်ကြွယ် တင့်တယ် ဝင့်ထယ်ဆန်း၊
- စေတီပဝရ နေပြည်အမတ ရွှေဆည်နဂရ ဒေသခရိုင်မှာ ဘဂဝါမဏ္ဍိုင် တောက်ထွန်းစေဖို့မှန်း။



သာသနာ့သမိုင်းတွင်၊ မော်ကွန်းဝင်သား၊ ဘုရင် အသောက၊ မင်းရာဇာ၏၊ ပုညကုသလံ၊ အရင်းခံသည့်၊ မူလံမုဋ္ဌော၊ မြတ်ရှင်စောကို၊ မနောမယိဒ္ဓိ၊ ဘုန်းကံရှိသည့်၊ အနိရုဒ္ဓ၊ မည်နာမဖြင့်၊ မြန်မာပြည့်အရှင်၊ အနော်ရထာ ဘုရင်က၊ ရှင်ပင်ဆပ်သွား၊ ဘွဲ့တော်ထား၍၊ အများပြည်သူ၊ ကုသိုလ်ယူဖို့၊ စင်ဖြူသဒ္ဓါ၊ ပူဇော်ပါသည်··· သာသနာ့ ရောင်ဝါ ကမ္ဘာလွှမ်း။

- ဆပ်သွားဂုဏ်အလှ ထပ်ပွားပုံပြ မှတ်သားယုံကြ မြန်မာ့ဂုဏ်အင် လွှမ်းစိတ်တွေဝင် မျှော်ရည်မှန်း။
- ရှေးမူလက်ရာ ထူးထွေဆန်းမို့ သဒ္ဓါရွှင်လန်း ဖူးမဝပေ။
- ကုအမွေ ဆုတွေ စုခြွေကြဖို့ ခုနေခဏ ခြေကြွ မြန်ကြစေ။
- သမိုင်းစဉ်ဆက် မဆိုင်းတွင်လျက် မနှိုင်းယှဉ်ရက် ဝိုင်းယှက်တည်သည် ဆပ်သွားစေတီ ဂုဏ်ရည်ထူးလို့။
- မြန်မကြာမြန်းကြွ မှန်းသမျှအဓိဋ္ဌာန် ပြုလှည့်ပါ ကုသလံ။
- အတော်ရှေးကျ အမျှော်တွေးဆ အကျော်ဒေးယျ မြတ်လှဂုဏ်ရည် တော်ဝင်ဌာနီ ဒေသပေမို့လေး။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



♥ အကြောင်းပေါ်ဟိတ် အပေါင်းဖော်မိတ်
အလောင်း တော်စိတ် ခေါ်ဖိတ်ပါသည် ပျော်စိတ်သဒ္ဓါ
ရွှင်ရွှင် လန်းလို့လေး။

♥ သဘာဝအဆန်းမို့ မကြာခဏလှမ်းဖို့ လာကြစမ်းလို့
မြန်းဖို့ခေါ်သည် ဆပ်သွားစေတီ အတူဖူးရန်ဖို့လေး။

(ကျောက်ဆည်မဟာဂန္ဓာရုံကျောင်းတိုက် အရှင်ပဏ္ဍိတ ရေးသား ပူဇော်၍ နိုင်ငံကျော်တေးသံရှင် ဝင်းဝင်းအောင် သီဆိုပူဇော်သည်။)



# နိဂမပဋ္ဌာနာ

* ကျောက်ဆည်ခရိုင် နယ်အတွင်း၌
ရှင်ပင်ဆပ်သွား အစိန္တေ၊
အနော်ရထာ မင်းတရားက
မြော်မြင်ကြီးမား တည်ထားပေ။

* ကျောက်ဆည်နယ်သူ နယ်သားများတို့
မင်းတရား၏ ပုံရိပ်တွေ၊
မပျောက်ပျက်အောင် ထိန်းသိမ်းကြဖို့
ကုသိုလ်တော်များ ကြိုးစားပေ။

* ရှင်ပင်ဆပ်သွား မြတ်ဘုရား
ကြီးမားဘုန်းတော်တွေ။

(အကျိုးသန့်ဖို့) စစ်မှန်တဲ့ –
ဗုဒ္ဓပူနိယ ထာဝရ ပြုနိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com



# ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီး
## ဘက်စုံပြုပြင်ရေးအတွက်
# ကျပ်တစ်သိန်းနှင့်အထက် ကုသိုလ်ရှင်များ

| | | |
|---|---|---|
| ၁။ | မဟာမြိုင်ဆရာတော် ဦးသာသန (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၂။ | သရက်ခြံကျောင်းဆရာတော်ကြီး (ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၃။ | ညောင်ဝန်းသပြေပင်ဆရာတော်ကြီး ဦးဉာဏနန္ဒ | ၁၀၀၀၀၀ |
| ၄။ | ညောင်ရွှေရွာဦးကျောင်းဆရာတော် ဦးဝိသုဒ္ဓ | ၁၀၀၀၀၀ |
| ၅။ | ရွာနန်းလေသာကျောင်းဆရာတော် ဦးသုဒဿန | ၁၀၀၀၀၀ |
| ၆။ | သင်ပုတ်ဆိပ်သာကျောင်းဆရာတော် ဦးခေမိက | ၁၀၀၀၀၀ |
| ၇။ | ငါးအိုးကျောင်းဆရာတော် ဦးပညာသာမိ | ၁၀၀၀၀၀ |
| ၈။ | ဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ငြိမ်း)+ဒေါ်ကြည်ကြည်အုန်း (နေပြည်တော်) | ၁၀၀၀၀၀ |
| ၉။ | ဒုတိယဗိုလ်ချုပ်ကြီးမြဟိန်း+ဒေါ်ထွေးထွေးညွန့် နှင့် တပ်မတော်(လေ)မိသားစု | ၁၈၀၀၀၀ |
| ၁၀။ | ဗိုလ်ချုပ်ခင်အောင်မြင့် (ယဉ်ကျေးမှုဝန်ကြီး) မိသားစု | ၁၀၀၀၀၀ |
| ၁၁။ | အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ<br>ဇနီး-ဒေါက်တာခင်သီတာ၊ (သမီး)မခိုင်စုသွယ် | ၃၀၀၀၀၀ |
| ၁၂။ | အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ညွှန်ကြားရေးမှူးများ | ၁၀၀၀၀၀ |
| ၁၃။ | ဗိုလ်ချုပ်မြဝင်း+ဒေါ်သန်းသန်းဝင်း မိသားစု (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | ၁၀၀၀၀၀ |
| ၁၄။ | ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ+ဒေါ်ခင်မေစိုးနှင့်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့မိသားစု (နေပြည်တော်) | ၁၇၀၀၀၀ |
| ၁၅။ | ဗိုလ်မှူးကြီးစိုးညွန့်လွင်+ဒေါ်ခင်သန်းဦး (လ.ယ.၁) | ၂၀၀၀၀၀ |
| ၁၆။ | ဦးစိုးဝင်း(ခ.ယ.က ဥက္ကဋ္ဌ)+ဒေါ်ခင်စန်းဝေ (ကျောက်ဆည်မြို့) | ၁၃၀၀၀၀ |
| ၁၇။ | ဦးလှမျိုးကျော်+ဒေါ်ကေသီဦး (ကျောက်ဆည်မြို့) | ၁၅၇၇၀၀၀ |
| ၁၈။ | ဦးအုန်းလွင်+ဒေါ်တင်ညို (ကျောက်ဆည်မြို့) | ၁၀၀၀၀၀၀ |
| ၁၉။ | ဒေါ်လီလီဝင်း (မောင်)ဦးဇော်အောင် (NEC ပညာရိပ်သာ) | ၉၀၀၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၂၀။ | ဦးတင်လှိုင်+ဒေါ်အုန်းရီ ညောင်ဝန်းရွာ | ၇၀၀၀၀၀ |
| ၂၁။ | ဦးမြင့်ဆွေ+ဒေါ်လှလှမြင့် (မန်းစတားကားထုတ်လုပ်ရေး၊ မန္တလေး) | ၇၀၀၀၀၀ |
| ၂၂။ | ဦးမြအောင်+ဒေါ်ဝေဝေ (စံ-လက်ဖက်နှင့်အကြော်စုံ၊ မန္တလေး) | ၅၅၅၅၅၅ |
| ၂၃။ | ဦးကျော်ကျော်+ဒေါ်အမာလွင် (ကျောက်ဆည်မြို့) | ၅၀၀၀၀၀ |
| ၂၄။ | ဦးချစ်မောင်+ဒေါ်တင်တင် (ရွှေဒင်္ဂါးဆေးတိုက်၊ မန္တလေး) | ၅၀၀၀၀၀ |
| ၂၅။ | ဦးစိန်မောင်+ဒေါ်ခင်ဝင်း (ညောင်ရွှေရွာ) | ၅၀၀၀၀၀ |
| ၂၆။ | ဦးစိန်သင်+ဒေါ်ခင်ဝင်းအေး (မန္တလေးမြို့) | ၅၀၀၀၀၀ |
| ၂၇။ | ဒေါ်သီတာ (ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့) | ၄၅၀၀၀၀ |
| ၂၈။ | ဦးတင်စိုး+ဒေါ်မြနှင်းဝေ (ရှုပါစိမ်းနှင့်ရွှေပြည့်လျှံကျောက်မျက်ကုမ္ပဏီ၊ မန္တလေး) | ၄၀၀၀၀၀ |
| ၂၉။ | ဦးမင်းနိုင်+ဒေါ်မိုးမိုးမြင့် (မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ မိတ္ထီလာ) | ၃၀၅၀၀၀ |
| ၃၀။ | ဦးစကြီး+ဒေါ်တင် မိသားစု (မန္တလေး) | ၃၀၀၀၀၀ |
| ၃၁။ | ဦးညွန့်ဝေ+ဒေါ်လှမြင့် (မြို့ဂုဏ်ရောင်-အထည်ဆိုင်၊ မန္တလေး) | ၃၀၀၀၀၀ |
| ၃၂။ | ဦးဝင်းမောင်+ဒေါ်မြရင် (မြဘုရင်နို့ချက်စက်ရုံ၊ ကျောက်ဆည်မြို့) | ၃၀၀၀၀၀ |
| ၃၃။ | အ.မ.က (၁၇) အောင်မြေသာစံ ဆရာ/ဆရာမများနှင့် ကျောင်းသားကျောင်းသူများ | ၃၀၀၀၀၀ |
| ၃၄။ | ဒေါ်နန်းစံခမ်း၊ ဒေါ်နန်းစံယွန်း၊ မနွဲ့နွဲ့ဝင်း၊ (သား)စိုင်းဝဏ္ဏအောင်(မန္တလေးမြို့) | ၂၅၀၀၀၀ |
| ၃၅။ | ဦးသက်တင်+ဒေါ်သန်းရွှေ (ညောင်ရွှေရွာ) | ၂၄၅၀၀၀ |
| ၃၆။ | ဒေါ်ကြည် (ကြည်-မိသားစုလုံ့လုပ်ငန်း၊ မန္တလေးမြို့) | ၂၀၀၀၀၀ |
| ၃၇။ | ဦးကိုကိုဦး+ဒေါ်မြတ်သင်းကြူ (နဒီလှိုင်းမိသားစု၊ ကျောက်ဆည်မြို့) | ၂၀၀၀၀၀ |
| ၃၈။ | ဦးကြည်မောင်+ဒေါ်ခင်ပု (ကျောက်ဆည်မြို့) | ၂၀၀၀၀၀ |
| ၃၉။ | ဒေါ်စောကြီး (သား) ဦးခင်မောင်လွင် (နိုင်ရွှေဝါလှက်၊ မန္တလေးမြို့) | ၂၀၀၀၀၀ |
| ၄၀။ | ဒေါ်အေးမို (ညောင်ဝန်းရွာ) | ၂၀၀၀၀၀ |
| ၄၁။ | ဦးဆန်းထူးမောင်+ဒေါ်ခင်ခင်မာ (မန္တလေးမြို့) | ၁၅၀၀၀၀ |
| ၄၂။ | ဦးဖြိုးသီဟထွန်း+ဒေါ်လှယဉ်ဝင်း၊ (နှမ)မအိဖြိုးသွယ် (မန္တလေးမြို့) | ၁၅၀၀၀၀ |
| ၄၃။ | ဦးဝင်းညွန့်+ဒေါ်ထွေးထွေး (ညောင်ရွှေရွာ) | ၁၅၀၀၀၀ |
| ၄၄။ | ဒေါ်အေးကြည် (ပန်းကမ္ဘာ-ဂျုံစက်နှင့်စတိုးဆိုင်) | ၁၅၀၀၀၀ |



| | | |
|---|---|---|
| ၄၅။ | ဒေါ်ခင်မြင့်၊ (သား)ကိုမြင့်ဝေ၊ (သမီး)မဝါဝါမြင့်-မမြင့်မြင့်ရီ (မန္တလေးမြို့) | ၁၃၅၀၀၀ |
| ၄၆။ | ဒေါ်ကျင်ငွေ (သိမ်ငှ-သိလရှင်စာသင်တိုက်၊ စစ်ကိုင်းမြို့) | ၁၂၀၀၀၀ |
| ၄၇။ | ဦးလှမောင်+ဒေါ်သန်းမေ (မန္တလေးမြို့) | ၁၂၀၀၀၀ |
| ၄၈။ | ဦးစိုးဝင်း+ဒေါ်မြသွင် (ညောင်ရွှေရွာ) | ၁၁၀၀၀၀ |
| ၄၉။ | ဦးသိန်းမောင်+ဒေါ်ကြည်စိန် (သင်ပုတ်ရွာ) | ၁၁၀၀၀၀ |
| ၅၀။ | ဒေါ်မြမြ (ညောင်ရွှေရွာ) | ၁၀၅၀၀၀ |
| ၅၁။ | ဦးကျော်ကျော်+ဒေါ်သိန်းရွှေ (ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၅၂။ | ဦးကျော်ကျော်ဝင်း+ဒေါ်ခင်ချို (မြန်မာစာဌာန၊ ငြိမ်း၊ မန်းတက္ကသိုလ်) | ၁၀၀၀၀၀ |
| ၅၃။ | ဦးကိုကိုအောင်+ဒေါ်မီမီရွှေ (မောင်)ကိုရန်နိုင်ထွန်း (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၅၄။ | ဦးကျော်ဆောင်+ဒေါ်မြရီ (သီတာအေး-ဆီစက်၊ မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၅၅။ | ဦးကျော်မောင် မိသားစု (ကြက်လျှာရွာ) | ၁၀၀၀၀၀ |
| ၅၆။ | ဦးကြည်မောင်+ဒေါ်ဝင်းဝင်း (ဝင်းဝင်းနို့ဆီ၊ မိတ္ထီလာမြို့) | ၁၀၀၀၀၀ |
| ၅၇။ | ဦးကြည်ဝင်း+ဒေါ်တင်တင်မြ (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၅၈။ | ဒေါ်ချို မိသားစု (သင်ပုတ်ရွာ) | ၁၀၀၀၀၀ |
| ၅၉။ | ဒေါ်ခင်စိန် မိသားစု (သီဟရာဇာစတိုး၊ ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၆၀။ | ဒေါ်ခင်ဆွေမြိုင် မိသားစု (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၆၁။ | ဒေါ်ခင်ညိုညိုမြင့်၊(သား)ဇေဇာအောင်-ရန်နောင်စိုး-နိုင်လင်းစိုး(မန္တလေး) | ၁၀၀၀၀၀ |
| ၆၂။ | ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း)+ဒေါ်အေးအေးဝင်း (ရန်ကုန်မြို့) | ၁၀၀၀၀၀ |
| ၆၃။ | ဦးခင်မောင်+ဒေါ်ငယ် (ဟုတ်စိန်-မိသားစု၊ စစ်ကိုင်းမြို့) | ၁၀၀၀၀၀ |
| ၆၄။ | ဦးခင်မောင်မြင့်+ဒေါ်ချို (ရတနာရွှေဆိုင်၊ ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၆၅။ | ဒေါ်ခင်မြိုင်-ဒေါ်ခင်ကြိုင် ညီမတစ်စု (ညောင်ဝန်းရွာ) | ၁၀၀၀၀၀ |
| ၆၆။ | ကိုချစ်မျိုးထက်+မဇာ (ညောင်ဝန်းရွာ) | ၁၀၀၀၀၀ |
| ၆၇။ | ဒေါ်ခင်မရီ (စိန်သဇင်-စတိုး၊ ဝန်းမော်မြို့) | ၁၀၀၀၀၀ |
| ၆၈။ | ဦးခင်မောင်အေး+ဒေါ်ခင်မာကြူ (ရန်ကုန်မြို့) | ၁၀၀၀၀၀ |
| ၆၉။ | ဦးခင်မောင်အေး+ဒေါ်သန်းသန်းစိုး မိသားစု (လှိုင်ကော်မြို့) | ၁၀၀၀၀၀ |
| ၇၀။ | ဒေါ်ခင်လေးမြင့် မိသားစု (မန္တလေးမြို့) | ၁၀၀၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၇၁။ | ဦးခင်သိန်း (တူမ)ဒေါ်ကြည်ကြည်မြ (မဟာမြိုင်-၂) | ၁၀၀၀၀၀ |
| ၇၂။ | ဦးစိန်ငွေ + ဒေါ်နွဲ့ မိသားစု (ရေတွင်းပြည့်ရွာ) | ၁၀၀၀၀၀ |
| ၇၃။ | ဦးစိန်တင်+ဒေါ်တင်ကြည် (သဂ်ဟမိသားစု ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၇၄။ | ဒေါ်စိန်နု နှင့် သားသမီးများ (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၇၅။ | ဦးစိုးသိန်း+ဒေါ်ခင်အေးဝင်း (ပန်းတိုင်ကုမ္ပဏီ ရန်ကုန်မြို့) | ၁၀၀၀၀၀ |
| ၇၆။ | ဦးစံမြင့်+ဒေါ်စောညွန့် (စိန်ကမ္ဘာမိသားစု ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၇၇။ | ဦးစိုးမြင့်+ဒေါ်နုနုဝင်း မိသားစု (ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၇၈။ | ဦးမိုးရ (ညောင်ရွှေရွာ) | ၁၀၀၀၀၀ |
| ၇၉။ | ဒေါ်စန်းရီ (ဆောက်လုပ်ရေး ရန်ကုန်မြို့) | ၁၀၀၀၀၀ |
| ၈၀။ | ဦးစိန်လှိုက် + ဒေါ်ခင်ခင် မိသားစု (ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၈၁။ | ဦးဆာမိ + ဒေါ်တော မိသားစု (ငါးအိုးရွာ) | ၁၀၀၀၀၀ |
| ၈၂။ | ဦးဇော်မျိုးအောင်+ဒေါ်တိုးတိုး (ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၈၃။ | ဦးဇော်ဝင်း+ဒေါ်မြမြဝင်း (အောင်ရတနာ-ဆန်ပွဲရုံ) | ၁၀၀၀၀၀ |
| ၈၄။ | ဦးညို+ဒေါ်တွတ် (ပွတ်တိုင်ရွာ) | ၁၀၀၀၀၀ |
| ၈၅။ | ဒေါ်ညို (ဖရက်ရှာ-အရုပ်ဆိုင်၊ မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၈၆။ | ဦးညွန့်တင်+ဒေါ်ခင်ထွေး (သင်ပုတ်ဈေးကုန်းရွာ) | ၁၀၀၀၀၀ |
| ၈၇။ | ဦးဉာဏ်မြင့်+ဒေါ်စန်းစန်းဝေ (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၈၈။ | ဦးညွန့်လွင်+ဒေါ်မြကြည် (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၈၉။ | ဦးငွေမောင်+ဒေါ်သန်းလှ (စိန်သန်းငွေနှီဆီ၊ ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၉၀။ | ဦးငွေလွင်+ဒေါ်မြိုင်၊ (သား)ဗိုလ်ကြီးနန်းထိုက်အောင် (ညောင်ဝန်းရွာ) | ၁၀၀၀၀၀ |
| ၉၁။ | ဦးတင်+ဒေါ်ညွန့်မို (သင်ပုတ်ရွာ) | ၁၀၀၀၀၀ |
| ၉၂။ | ဒေါ်တင်ကြည် (ရေတွင်းပြည့်ရွာ) | ၁၀၀၀၀၀ |
| ၉၃။ | ဒေါ်တင်တင်အေး (ထိုးမှုံ၊ လမုံ မိသားစု မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၉၄။ | ဦးတင်မောင်+ဒေါ်အေးချို (သင်ပုတ်ရွာ) | ၁၀၀၀၀၀ |
| ၉၅။ | ဦးတင်မောင်စိုး+ဒေါ်မြသိန်း (မောင်)ဦးသန်းထွန်း (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၉၆။ | ဗိုလ်ကြီးတင်မောင်ဝင်း(ငြိမ်း)+ဒေါ်ခင်စန်းဝေ (အ.ထ.ပြ ငြိမ်း) | ၁၀၀၀၀၀ |



| | | |
|---|---|---|
| ၉၇။ | ဒေါက်တာဦးတင်စိုး+ဒေါက်တာဒေါ်သန့်စင် (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၉၈။ | ဒေါက်တာဒေါ်တင်အေးကြည် နှင့် မောင်နှမများ | ၁၀၀၀၀၀ |
| ၉၉။ | ဦးထွန်းမွှေး+ဒေါ်စိန်ငွေ (မြသင်းကြည်-စတိုး မန္တလေး) | ၁၀၀၀၀၀ |
| ၁၀၀။ | ဦးထွန်းရွှေ+ဒေါ်မိုး (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၁၀၁။ | ဦးထိန်ဝင်း+ဒေါ်ဝင်းနွဲ့နွဲ့ (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၁၀၂။ | ဦးထွန်းဦး+ဒေါ်ရေးရေး (တော်ဝင်ရေယာဉ်၊ မုံရွာမြို့) | ၁၀၀၀၀၀ |
| ၁၀၃။ | ဒေါ်နန်း (မောင်)ဦးညိမ်းဆောင်+ဒေါ်ညွန့်ခင် (ငါးအိုးရွာ) | ၁၀၀၀၀၀ |
| ၁၀၄။ | ပန်းတည်းဆရာကြီးဦးစိန်-၏ "သမီး" ဒေါ်ရီလေး (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၁၀၅။ | ဦးပုန်းကျော် + ဒေါ်တင်ရွှေ မိသားစု (ဈေးကုန်းရွာ) | ၁၀၀၀၀၀ |
| ၁၀၆။ | ဦးဖိုးတုတ် + ဒေါ်ကျင်စန်း မိသားစု (ညောင်ရွှေရွာ) | ၁၀၀၀၀၀ |
| ၁၀၇။ | ဒေါ်ဘီ၊ ဒေါ်အမာ (ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၁၀၈။ | ဒေါ်ဘူး မိသားစု (သင်ပုတ်ရွာ) | ၁၀၀၀၀၀ |
| ၁၀၉။ | ဦးဘသင် မိသားစု (ကြောင်ပန်းကုန်းရွာ) | ၁၀၀၀၀၀ |
| ၁၁၀။ | ဦးမြိုင်+ဒေါ်လှကြင် (ညောင်ရွှေရွာ) | ၁၀၀၀၀၀ |
| ၁၁၁။ | ဦးမြင့်ဌေး+ဒေါ်အုန်းခင် (ကျွဲဆည်ကန်၊ မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၁၁၂။ | ဦးမြင့်ဆွေ+ဒေါ်မျိုးကြည် (မျိုး-သစ်သီးရောင်းဝယ်ရေး မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၁၁၃။ | ဦးမျိုးမြင့်+ဒေါ်မြင့်မြင့်အေး (ညောင်ရွှေရွာ) | ၁၀၀၀၀၀ |
| ၁၁၄။ | ဒေါ်မြင့်မြင့်သန်း (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၁၁၅။ | ဦးမော်မော်+ဒေါ်ခင်စောကြိုင် (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၁၁၆။ | ဦးမြင့်အောင်+ဒေါ်မြမြလွင် (ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၁၁၇။ | မ.ထ.သ (ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၁၁၈။ | ရှမ်းရွှေတောင် မိသားစု (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၁၁၉။ | ဒေါ်ရီရီညွန့် (ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၁၂၀။ | ဦးလှဒင် မိသားစု (ညောင်ပင်ဇောက်) | ၁၀၀၀၀၀ |
| ၁၂၁။ | ဦးလောင်းမာ+ဒေါ်ရွှေအိမ် (ပန့်ဆီဆိုင်၊ လာရှိုးမြို့) | ၁၀၀၀၀၀ |
| ၁၂၂။ | ဦးလှရွှေ+ဒေါ်တင်လေးရီ (မန္တလေးမြို့) | ၁၀၀၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၁၂၃။ | ဦးလှသိန်း(တွဲတိုင်းမှူးငြိမ်းပတာခ)+ဒေါ်အေးမာစိန် မိသားစု | ၁၀၀၀၀၀ |
| ၁၂၄။ | ဦးဝင်းတင်+ဒေါ်သန်းနွဲ့ (ညောင်ရွှေရွာ) | ၁၀၀၀၀၀ |
| ၁၂၅။ | ဦးဝင်းနိုင်+ဒေါ်ပန်းရှင် (မြဝတီမြို့) | ၁၀၀၀၀၀ |
| ၁၂၆။ | ဦးဝင်းမောင်+ဒေါ်ကြည်ကြည် (ပေါင်လောင်ရွာ) | ၁၀၀၀၀၀ |
| ၁၂၇။ | ဦးဝင်းမောင် + ဒေါ်ဝင်းမို မိသားစု (နေပူရွာ) | ၁၀၀၀၀၀ |
| ၁၂၈။ | ဦးဝင်းမောင်ဆွေ+ဒေါ်မြမြဝင်း (ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၁၂၉။ | ဦးဝင်းမြင့်+ဒေါ်လှလှဆောင်း မိသားစု (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၁၃၀။ | ဒေါ်သန်း (လပြည့်ဝန်းမိသားစု ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၁၃၁။ | မနန်း (သား)ကိုငြိမ်းဆောင်+မညွှန့်ခင် (ငါးအိုးကျေးရွာ) | ၁၀၀၀၀၀ |
| ၁၃၂။ | ဦးသံချောင်း+ဒေါ်ဗိုင် (ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၁၃၃။ | ဦးသန်းထိုက်၊ ဦးသန့် (ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၁၃၄။ | ဦးသန်းထွန်း+ဒေါ်တင်မမွှယ် (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၁၃၅။ | ဦးသက်ထွန်း+ဒေါ်သိန်းတင် သားသမီးမြေးတစ်စု (ရန်ကုန်မြို့) | ၁၀၀၀၀၀ |
| ၁၃၆။ | ဦးသန်းထွန်း+ဒေါ်အေးမိုးနိုင် (ရန်ကုန်မြို့) | ၁၀၀၀၀၀ |
| ၁၃၇။ | ဦးသန်းမြင့်+ဒေါ်ခင်စန်း မိသားစု (ရွာနန်းရွာ) | ၁၀၀၀၀၀ |
| ၁၃၈။ | ဦးသန်းမြိုင် + ဒေါ်သန်းနု မိသားစု (ညောင်ဝန်းရွာ) | ၁၀၀၀၀၀ |
| ၁၃၉။ | ဦးသိန်းမောင်+ဒေါ်ညိုမ (ဆိပ်ဆိုင်၊ ပြည်ပန်းရွာ) | ၁၀၀၀၀၀ |
| ၁၄၀။ | ဒေါ်သန်းရင် အမျိုးထားချို (စန်းဟေမာန်-မိသားစု၊ မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၁၄၁။ | မသီရိခိုင် (ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၁၄၂။ | ဦးသိဟထွန်း+ဒေါ်ခင်မာအောင် (ရန်ကုန်မြို့) | ၁၀၀၀၀၀ |
| ၁၄၃။ | ဦးသိန်းအောင်+ဒေါ်ကြည်စိန် (သင်ပုတ်မြို့) | ၁၀၀၀၀၀ |
| ၁၄၄။ | ဦးဟန်ခင်+ဒေါ်ခင်လေးမြင့်၊ ကိုစိုးမင်းဦး+မလေးနန္ဒာ (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၁၄၅။ | ဦးအောင်ကွန့်+ဒေါ်ကြည်စိန် (ညောင်ဝန်းရွာ) | ၁၀၀၀၀၀ |
| ၁၄၆။ | ဦးအောင်တင်+ဒေါ်လှငွေ (မရိမ်မင်း-လက်ဖက်၊ ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၁၄၇။ | ဦးအိန်း+ဒေါ်မြမြ (ခွဲလိုက်မိသားစု၊ ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၁၄၈။ | ဒေါ်အေးမ (သမီး)မဝင်းမာ (မြေး)မနုနုထွေး (ညောင်ဝန်းရွာ) | ၁၀၀၀၀၀ |



| | | |
|---|---|---|
| ၁၄၈။ | ဦးအိမောင်+ဒေါ်ကြည် မိသားစု | ၁၀၀၀၀၀ |
| ၁၄၉။ | ဦးအောင်မြင့်+ဒေါ်ခင်မူရီ (အောင်သပြေဆီဆိုင်၊ မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၁၅၀။ | ဒေါ်အေးသန်း (ညောင်ရွှေရွာ) | ၁၀၀၀၀၀ |

## အတွင်းမဟာရာမ်(စတီးလက်ရမ်း)ကုသိုလ်ရှင်များ

| | | |
|---|---|---|
| ၁။ | ဦးစိုးသိန်း+ဒေါ်ခင်အေးဝင်း (ပန်းတိုင်ဆောက်လုပ်ရေးကုမ္ပဏီ၊ ရန်ကုန်မြို့) | ၁၀၀၀၀၀၀ |
| ၂။ | ဦးဝင်းဆွေဦး+ဒေါ်ခင်စန်းလွင် (ချစ်ဆွေပရိဘောဂ၊ မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၃။ | ကိုဇော်လွင်၊ မစန်းစန်းလွင်၊ မမူမူလွင် (မောင်နှမတစ်စု၊ မန္တလေး) | ၁၀၀၀၀၀ |
| ၄။ | ဦးသိန်းမောင်+ဒေါ်ကြည်စိန် (သင်ပုတ်ရွာ) | ၁၅၀၀၀၀ |
| ၅။ | ဦးမောင်အေး+ဒေါ်မြသန်း (ကိုကြီး-ကားဘော်ဒီ၊ မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၆။ | ဦးဘစု+ဒေါ်ဆယ် မိသားစု (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၇။ | ဦးမောင်လေး+ဒေါ်ခင်လှမြင့် မိသားစု (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၈။ | ဦးချစ်မောင်+ဒေါ်တင်တင် (ရွှေဒဂါးဆေးတိုက်၊ မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၉။ | ဦးစိန်သင်+ဒေါ်ခင်ဝင်းအေး (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၁၀။ | ဦးစကြီး+ဒေါ်တင် (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၁၁။ | ဒေါ်ရီရီညွှန့် (ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |

## အရံထီးတော်နှင့် ကြာပန်းခိုင်ကုသိုလ်ရှင်များ

| | | |
|---|---|---|
| ၁။ | ဦးကံသာ+ဒေါ်မြညွှန့် (ညောင်ရွှေရွာ) | ၄၀၀၀၀၀ |
| ၂။ | (ကိုကျော်ကျော်စိုး)+မနန်းခင်သင်းရီ (မန္တလေးမြို့) | ၃၀၀၀၀၀ |
| ၃။ | ဦးငွေလွင်+ဒေါ်မြိုင်၊ (သား)ပိုလ်နန်းထိုက်အောင် (ညောင်ဝန်းရွာ) | ၂၀၀၀၀၀ |
| ၄။ | ဒေါ်အေးမ၊ (သမီး)မဝင်းမာ၊ (မြေး)မနုနုဆွေ (ညောင်ဝန်းရွာ) | ၂၀၀၀၀၀ |
| ၅။ | ဦးအောင်ဝင်း+ဒေါ်ချမ်းငဲ (မန္တလေးမြို့) | ၂၀၀၀၀၀ |
| ၆။ | ဒေါ်ဝီ၊ ဒေါ်အမာ ညီအစ်မတစ်စု (ကျောက်ဆည်မြို့) | ၁၂၀၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၇။ | (ဦးစိန်မောင်)+ဒေါ်ခွေးမ (လယ်ကီးဝမ်းမိသားစု၊ ညောင်ရွှေရွာ) | ၁၁၀၀၀၀ |
| ၈။ | ဒေါ်ခင်စိစိ (မြေအကျိုးဆောင်၊ မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၉။ | ဦးတင်+ဒေါ်ညွန့်မို (သင်ပုတ်ရွာ) | ၁၀၀၀၀၀ |
| ၁၀။ | ဗိုလ်မှူးတင်ထွန်းဦး+ဒေါ်ခင်မာမာကို (မန္တလေးနေ့စဉ်သတင်းစာ) | ၁၀၀၀၀၀ |
| ၁၁။ | ဒေါ်စိစိကြီး (ပင်မ-ဆေးဆိုင်၊ မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၁၂။ | ကိုမျိုးနိုင်+မမြင့်မြင့်ရီ၊ (သမီး)ရွှန်းလဲ့ရည် (ညောင်ဝန်းရွာ) | ၁၀၀၀၀၀ |
| ၁၃။ | ဦးသန်းဆွေ+ဒေါ်မြင့်မြင့်သန်း (ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၁၄။ | ဒေါ်သီတာလွင် (မြို့ရွာ၊ ဝါနှင့်ပိုးချည်လုပ်ငန်း၊ ကျောက်ဆည်မြို့) | ၁၀၀၀၀၀ |
| ၁၅။ | ဦးသိန်းမောင်+ဒေါ်ကြည်စိန် (သင်ပုတ်ရွာ) | ၁၀၀၀၀၀ |
| ၁၆။ | ဦးအောင်သန်း+ဒေါ်လှခင်၊ (သမီး)မခင်စန္ဒာအောင် (ညောင်ဝန်းရွာ) | ၁၀၀၀၀၀ |

## သီးခြားကုသိုလ်ရှင်များ

| | | |
|---|---|---|
| ၁။ | ဦးမျိုးသန့်+ဒေါ်မြမြသိန်း တို့ကို အမှူးထား၍<br>ကိုအောင်မျိုးလင်း (မန္တလေးမြို့) | လေအေးစက် ၁ |
| ၂။ | ကိုဇော်ကြီး+မစု (အေးလိုက်-ကဖေး၊ ကျောက်ဆည်မြို့) | ရေအေးစက် ၁ |
| ၃။ | ဦးသိန်းမောင်+ဒေါ်ကြည်စိန် (သင်ပုတ်ရွာ) | ရေအေးစက် ၁ |
| ၄။ | ဦးကြည်မောင်+ဒေါ်ခင်ပု (ကျောက်ဆည်မြို့) | ရေအေးစက် ၁ |
| ၅။ | ဦးမြသိန်း+ဒေါ်မြမြဆွေ၊ (ညီမ)မလှလှဆွေ<br>(ပါရမီမုန့်-အလှူမီနီယံ၊ ကျောက်ဆည်မြို့) | မှန်ကောင်တာ ၁ |
| ၆။ | ဦးမောင်မောင်ဝင်း+ဒေါ်ဆွေသန်းဝင်း<br>(ပြည့်ဖြိုးအောင်-သစ်လုပ်ငန်းမိသားစု၊ ကျောက်ဆည်မြို့) | ဆလိုက်မီး ၂ |

www.burmeseclassic.com

www.burmeseclassic.com



မြို့ကျောက်ဆည် နယ်ဒေသ
သာသနာ့ အောင်မြေ
အနော်ရထာ့ မင်းမြတ်ပရမေ
ဘုန်းရောင်တွေ ဝင့်ကြွား
ထေရ်အရဟံ မိန့်တော်ခံကာ
သာသနာ ဦးထိပ်တင်ထား

BURMESE CLASSIC .com

ရွှေဆပ်သွား မြတ်ရွှေဂူ
ကိုးဆူစီ ဆင့်ပွား
မုဋ္ဌောပါ ကိုးဆူထားလို့
သဒ္ဓါပွားပူဇော်
ဆည်ကိုးဆည် ရေစင်ဖျန်းကာပ
ရွှေငွေပန်း ပွင့်လန်းစေသော်

နယ်သူသားတို့ မဂ်လမ်းမျှော်သည်
ကောင်းမှုတော် ကိုယ်စီပွားယှဉ်ဖို့
ပါရမီ ပုည ရေအလျှဉ်
စီးကျ တသွင်သွင်
ပြည်မြန်မာ့ ကျေးရွာရှင်ကို
မော်ကွန်းတင် ဂုဏ်ပြုလို့လေး။

...ဒီဇိုင်း
...သက် (KSE)
Ph: 02-91031333

www.burmeseclassic.com